ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊(2-7-2010) (၆၄၄၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်းအတွင်း အဓိကလမ်းမကြီး ၁၀ ခု၊ တံတားကြီးငယ်ပေါင်း ၅၀၀ ကျော် နိုင်ငံတော်က တည်ဆောက်ပေးခဲ့

ဤအခြေခံကောင်းများကို ထိထိရောက်ရောက် အသုံးချ၍ တစ်ဦးချင်းဝင်ငွေတိုးအောင် ကြိုးစားအလုပ်လုပ်ရန်လို

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် ပြည်သူလူထု စားဝတ်နေရေးအတွက် ပြည့်စုံဖူလုံသည့်နိုင်ငံဖြစ်

သဘာဝသယံဇာတလည်း ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်၍ ကြိုးပမ်းအားထုတ်သလောက် ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော်   ဇူလိုင်   ၁

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ကညင်ရေလှောင်တမံ၏ ရေပိုလွှဲတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ရေပိုလွှဲတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆည်မြောင်းဦးစီးဌာန၏ စပါးခွံ ဖွဲပြာမှ ဘိလပ်မြေ(ရောစပ်) ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီး ဦးဌေးဦးက စီမံကိန်းတည်နေရာ၊ ပင်မတမံနှင့် အဆောက်အအုံများ တည်ဆောက်နေမှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အဓိကဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် လုပ်ငန်းတစ်ခုလုံး၏ ၅၉ ရာခိုင်နှုန်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

ကညင်ရေလှောင်တမံ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကညင်ရေလှောင်တမံ၌ ပင်မတမံ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံနှင့်အောက်ပုံ)   (သတင်းစဉ်)

ကြေးမုံ The Mirror

၂-၇-၂၀၁၀
(သောကြာနေ့)

မြို့ပြဝန်းကျင်သန့်ရှင်းလှပရေး အဆင့်မြှင့်တင် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်

ပြည်သူများ၏ လူနေမှုဘဝအခြေခံလိုအပ်ချက်များတွင် လူမှုပတ်ဝန်းကျင်၌ ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး၊ စိတ်ချမ်းမြေ့ပျော်ရွှင်ရေးနှင့် ကူးသန်းဆက်သွယ်ရောင်းဝယ် ဖောက်ကားမှုလုပ်ငန်းများ စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်သည်။

မြို့ပြ၊ ရပ်ကွက်၊ ကျေးလက်ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် မြို့တွင်းလမ်းများ၊ မြို့ပြနှင့် ကျေးလက်ဆက်သွယ်သည့်လမ်းများ၊ တံတားများကို တိုးချဲ့ဖောက်လုပ်ပြုပြင်တည်ဆောက်လျက်ရှိသည်။ စီးပွားရေးအချက်အချာကျသည့် မြို့ကြီးများ၌ မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသည်။ ဥယျာဉ်ပန်းခြံများ၊ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်စေရေး၊ သဘာဝပတ်ဝန်းကျင်လှပရေး၊ ပြည်သူများအပန်းဖြေ အနားယူနိုင်ရေးတို့ကို အလေးထားပြီး ဖန်တီးတည်ဆောက်ပေးနေသည်။

စည်ပင်သာယာရေးအဖွဲ့များက ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်ရေးနှင့် မြို့ပြ၊ ရပ်ကွက်၊ ဈေး၊ ကျောင်း သန့်ရှင်းသပ်ရပ်သာယာလှပရေး လုပ်ငန်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိသည်။ ချုံနွယ်ပိတ်ပေါင်း အမှိုက်သရိုက်ရှင်းလင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကိုသာမက သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကိုပါ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

အမှိုက်သရိုက်အညစ်အကြေးများစနစ်တကျ စွန့်ပစ်ရေး၊ နေအိမ်၊ လမ်း၊ ဈေးဆိုင်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းနေစေရန် နေ့စဉ်ရှင်းလင်းရေး၊ ယင်လုံအိမ်သာသုံးစွဲစေရေး လုပ်ငန်းများကို ပြည်သူများအားလုံးလိုက်နာကျင့်သုံးလာစေရေး ပိုမိုအသိပညာပေးသွားကြရမည်ဖြစ်သည်။

မြို့ပြသန့်ရှင်းသာယာရေးလုပ်ငန်းများသည် နေ့စဉ်နေ့တိုင်း လုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်ရာ ဌာနဆိုင်ရာတို့နှင့်အတူ ပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပေမည်။ နေအိမ်ဝန်းကျင်၊ အိမ်နောက်လမ်းကြား ရေမြောင်းများနှင့် လမ်းမပေါ်တွင် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနေခြင်း၊ ခရီးသည်တင်ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းမပေါ်သို့ ကွမ်းတံတွေး ထွေးချခြင်းလုပ်ရပ်များကို သတိပြုရှောင်ကြဉ်ကြရပေမည်။

စည်းကမ်းမဲ့သူအချို့၏ လက်လွတ်စပယ်ပြုမူ၊ ချို့ယွင်းအားနည်းမှုတို့သည် မြို့ပြနေပြည်သူအားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေသည်။ ပတ်ဝန်းကျင်သန့်ရှင်းမှုကို ပျက်ယွင်းစေသည်။ ပြည်သူများအားလုံးက စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ သစ်ပင်ပန်းပင်များ စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာသန့်ရှင်းသာယာလှပသော မြို့ပြလူနေမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇွန် ၂၆ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူးက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာတိုင်းမှူးက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အလွတ်တန်းပြိုင်ပွဲများ၌ ပထမဆုနှင့် ဗဟိုအထူးဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်ပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများ၊ ပညာပေးဓာတ်ပုံများ၊ ပိုစတာများ၊ ဆုရကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကဗျာများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းသည် ဇွန် ၃၀ ရက်က အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ **(ဝဲပုံ)**

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပညာသင်စရိတ်ထောက်ပံ့ကြေးငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၄၁)

ဖခင်ကြီး ဗိုလ်မှူးအေးကြည်(ငြိမ်း)ကွယ်လွန်ခြင်း (၄)နှစ်ပြည့်အား ရည်စူး၍ တပ်မတော်ပရိဘောဂစက်ရုံဝင်း အောင်ဆန်းနေ ဗိုလ်မှူး မျိုးဝင်း(ငြိမ်း)-ဒေါ်မဥ္ဇူ သား-မောင်ကောင်းခန့်ဆွေ၊ သမီး-မခင်ဖြူဖြူသင်း မိသားစုက လူမှုဝန်ထမ်းဦးစီးဌာန မိဘမဲ့ကလေးပြုစုရေးဌာန ရွှေဂုံတိုင်အတွက် ငွေပဒေသာပင် ငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

စစ်ကိုင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်

စစ်ကိုင်း ဇူလိုင် ၁

စစ်ကိုင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက အသင်္ချာခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်ညွန့်က အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်း ၅၄ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရှိရသည်။ (ကြေးမုံ)

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံ(၁/၂၀၁၀)သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လျှပ်စစ်ကျွမ်းကျင်မှု အခြေခံ(၁/၂၀၁၀)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများနှင့် ပြင်ပမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့ပြ ကျောက်ချောလမ်း စစ်ဆေး

ရွှေကူ ဇူလိုင် ၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အမှတ်(၄)ရပ်ကွက် မြို့တော်ခန်းမအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း ပြီးစီးမှုကို အင်ဂျင်နီယာမှူး ဦးကိုလေးနှင့်အတူ ဇွန် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ချင်းတွင်းအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁

ချင်းတွင်းအသင်း(ရန်ကုန်) အသင်းသား၊ အသင်းသူများ၏ နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၄)ဝိုင်း ရွှေသလ္လာပရိယတ္တိစာသင်တိုက်၌ ဇူလိုင် ၁၁ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသား၊ အသင်းသူများ ကြွရောက်ရန်နှင့် ပါဝင်လှူဒါန်းလိုသူများ ဖုန်း-၅၆၀၅၄၂၊ ၀၉-၅၁၉၄၉၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဧရာဝတီတိုင်းသည် ဆန်စပါး၊ သားငါး စသည့် ထွက်ကုန်များအများအပြား ထွက်ရှိသည့်ဒေသတစ်ခုဖြစ် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်သည်နှင့်အမျှ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့်ဒေသဖြစ်

ရင်းရင်းနှီးနှီး ဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျုံဖားရိုးကျေးရွာရှိ ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးစဉ်။

(သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

တည်ဆောက်ပြီးစီးနေမှု၊ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ကျေးလက်များတွင် ဘိလပ်မြေ သုံးစွဲနိုင်ရန် ရည်ရွယ်၍ စပါးခွံဘိလပ်မြေ ထုတ်လုပ်နေမှု၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဝန်ထမ်းများက ဟင်္သာတမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ် (၄၀-W) တပ်ဆင်ပေး၍ လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပိုမိုတိုးတက်အောင်ဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးနှင့် လိုအပ်ပါက စက်အင်အား၊ လူအင်အား ဖြည့်တင်းဆောင်ရွက်သွားရန်၊ ဆည်ပြီး၊ မြောင်းပြီးဖြစ်စေရေးအတွက် ရေသောက်စနစ် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်သွားရန်၊ ဆည်များ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးပါက ဆည်ရေသောက်ဧရိယာရှိ ပြည်သူများ အပါအဝင် နိုင်ငံတော်အနေဖြင့်ပါ စော၍ အကျိုးခံစားရမည်ဖြစ်၍ အရည်အသွေး ကောင်းမွန်စွာဖြင့် အမြန်ပြီးစီးရေး အားထည့်ကြိုးပမ်းဆောင်ရွက်သွားရန်၊ ဆည်မြောင်းဦးစီးဌာနက စမ်းသပ်ထုတ်လုပ်နေသော စပါးခွံဘိလပ်မြေ၏ ခိုင်ခံ့မှု အရည်အသွေးကောင်းမွန်ပါက ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်သက်သာစွာ အသုံးပြုနိုင်မည်ဖြစ်၍ အရည်အသွေး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် အသေးစိတ် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ပင်မတမံ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေလှောင်တမံအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးဌေးဦးနှင့် တာဝန်ရှိသူများက ကညင်ချောင်း၏ ရေစီးဆင်းမှုနှင့် ပင်မတမံ တည်ဆောက်ရာတွင် အောက်ခံနုန်းမြေကို ဖယ်ထုတ်ပြီး မြေအစားထိုး တည်ဆောက်၍ ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

ကညင်ရေလှောင်တမံ စီမံကိန်းအား အင်္ဂပူမြို့နယ်အတွင်းရှိ မြေဧရိယာဧက ၂၅၀၀၀ ခန့်ကို ဆည်ရေ ပေးဝေစိုက်ပျိုးနိုင်ပြီး ရေအားလျှပ်စစ် (၅) မဂ္ဂါဝပ် ထုတ်လုပ်၍ ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ တည်ဆောက်နေခြင်းဖြစ်သည်။ အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ကညင်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် မြေသားတမံ အမျိုးအစား ရေလှောင်တမံဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး မိုင်တိုင်အမှတ် (၉/၂)တွင် ပုဂ္ဂလိကကုမ္ပဏီများက စက်ယန္တရားများဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပုသိမ်-မုံရွာလမ်းကို အပိုင်းသုံးပိုင်းခွဲ၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ လမ်းမကြီး၏ ကံကလေး - သုံးခွ - ရေကြည် - ငါးသိုင်းချောင်း-ဘက်ရဲ-ဥသျှစ်ပင် အပိုင်းတွင် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ရေးအဖွဲ့များဖြင့် လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်း တစ်ဆက်တစ်စပ်တည်း စုဖွဲ့ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဟင်္သာတခရိုင် လေးမျက်နှာမြို့သို့ ရောက်ရှိပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ် - မုံရွာ လမ်းပိုင်းတွင် ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှက မြို့နယ်တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်၊ ငဝန်မြစ်ရေတိုက်စားမှုကြောင့် လေးမျက်နှာမြို့ကို ယခင် မြစ်အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့တည်ဆောက်ခဲ့မှု၊ မြို့နယ်ဖွဲ့စည်းမှု၊ မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ငဝန်မြစ်ကမ်း ထိန်းသိမ်းကာကွယ်ရေးနှင့် ရေပေါ်ရေလွှဲတန်းရိုက်ခြင်းလုပ်ငန်းများဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ လေးမျက်နှာမြို့သည် ဧရာဝတီတိုင်း အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး အတွင်းပိုင်းကျသော ဒေသတစ်ခုဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရကြောင်း၊ လေးမျက်နှာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍအသီးသီးမှ လိုအပ်ချက်များအပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုပါ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် မိမိတို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရန် ရှေးဦးစွာလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့သူမြို့သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

မြို့နယ်အတွင်း ယခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး အပါအဝင် စုစုပေါင်းဂုဏ်ထူးရှင် ၂၉ ဦးဖြင့် အောင်မြင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျုံဖားရိုးကျေးရွာရှိ မြို့နယ်စံပြကွက် ဧက ၁၀၀၀ တွင် မိုးစပါးစိုက်နည်းစနစ်အလိုက် စုပေါင်းထွန်ယက် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

(2-7)03.pmd 1 7/2/2010, 2:44 AM

အာဖဂန်နစ္စတန်မှတပ်ဖွဲ့များ ရုပ်သိမ်းရေး ဗြိတိန်ဝန်ကြီးများအကြား သဘောထားကွဲလွဲ

လန်ဒန် ဇူလိုင် ၁

အာဖဂန်နစ္စတန်အနေဖြင့် ၎င်း၏ပြည်တွင်းလုံခြုံရေးအခြေအနေကို ၂၀၁၄ ခုနှစ်တွင် အပြည့်အဝ ကိုင်တွယ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးက မျှော်လင့်ထားကြောင်း ဇူလိုင် ၁ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းကာလသည် ဗြိတိန်ကာကွယ်ရေးဝန်ကြီးက အဆိုပြုထားသော အာဖဂန်မှ ဗြိတိန်တပ်ဖွဲ့ဝင်များ ထွက်ခွာမည့် အချိန်ကာလထက် ပိုစောနေပြီး အာဖဂန်စစ်ပွဲနှင့် ပတ်သက်၍ ဗြိတိန်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအကြား အမြင်မတူညီမှုများ ရှိနေသည့်လက္ခဏာတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟေ့ဂ်တို့က ကာကွယ်ရေးဝန်ကြီး အဆိုပြုထားသည့် အချိန်ကာလထက်စော၍ ဗြိတိန်တပ်ဖွဲ့များကို အာဖဂန်နစ္စတန်မှ ရုပ်သိမ်းရန်လိုလားလျက်ရှိသည်။

အာဖဂန်နစ္စတန်မှ နေတိုးတပ်ဖွဲ့များ၏ တပ်မှူး ဗိုလ်ချုပ်ကြီးမက်ခရစ္စတယ်လ် ဇွန်လနှောင်းပိုင်း၌ နုတ်ထွက်ပယ်ခံခဲ့ရပြီးနောက် အာဖဂန်အရေးနှင့်ပတ်သက်၍ ဗြိတိန်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအကြား သဘောထားကွဲလွဲမှုများ ပေါ်ပေါက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဗော့စတော့ခ် ၂၀၁၀ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သော ရုရှားသံချပ်ကာယာဉ်များကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဗော့စတော့ခ် ၂၀၁၀ စစ်ရေးလေ့ကျင့်မှု ရုရှားစတင်

ဗလာဒီဗော့စတော့ခ်(ရုရှား) ဇူလိုင် ၁

ရုရှားနိုင်ငံသည် ယခုနှစ်အတွင်း ၎င်း၏အကြီးမားဆုံးသော စစ်ရေးလေ့ကျင့်မှုကို ဆိုက်ဘေးရီးယားဒေသနှင့် အရှေ့ဖျားဒေသများ၌ အင်္ဂါနေ့တွင် စတင်ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

ဇူလိုင် ၈ရက်တွင် ပြီးဆုံးမည့် ၁၀ရက်ကြာစစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံ စစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌ နီကိုလပ်စ်မာကာရော့ဗ်က ကွပ်ကဲမည်ဖြစ်သည်။

"ဗော့စတော့ခ် ၂၀၁၀" ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုတွင် ထောင်ပေါင်းများစွာသောတပ်ဖွဲ့ဝင်များ၊ အက်စ်ယူ-၂၄ အမ်ဗုံးကြဲလေယာဉ်များ၊ အက်စ်ယူ-၃၄ ဗုံးကြဲတိုက်လေယာဉ်များနှင့် ပစိဖိတ်ရေတပ်မှ စစ်သင်္ဘောများ ပါဝင်သည်။

လေကြောင်းရန်ကာကွယ်ရေး လေ့ကျင့်မှု၊ လေကြောင်းချီစစ်ဆင်ရေးနှင့် မရိန်းတပ်ဖွဲ့များ၏ ကမ်းတက်စစ်ဆင်ရေးများကို ဗော့စတော့ခ် ၂၀၁၀ စစ်ရေးလေ့ကျင့်မှုတွင် လုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ကြည်းတပ်နှင့်အတူ အရေးပေါ်ဝန်ကြီးဌာန၏ အရေးပေါ် တပ်မဟာများ၊ တပ်မများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်ခြားစောင့်တပ်နှင့် အခြားသော စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး ပူးတွဲပါဝင်လေ့ကျင့်မည်ဖြစ်သည်။

ရည်ရွယ်ချက်

စစ်ရေးလေ့ကျင့်ခြင်း၏ ရည်ရွယ်ချက်သည် ရုရှားနိုင်ငံ၏ ရေပြင်ပိုင်နက်ကို စောင့်ရှောက်ရန်၊ ကျူးကျော်ဝင်ရောက်ခြင်းကို ကာကွယ်ရန်နှင့် ပင်လယ်ဓားပြများရန်မှ ကာကွယ်ရန်တို့ ဖြစ်ကြောင်း မာကာရော့ဗ်က ပြောကြားသည်။ဗော့စတော့ခ် ၂၀၁၀ စစ်ရေးလေ့ကျင့်မှုကို လာရောက်ကြည့်ရှုလေ့လာရန် ယူကရိန်းကာကွယ်ရေးဝန်ကြီးကို ရုရှားနိုင်ငံက ဖိတ်ကြားထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်၌ စစ်သွေးကြွအဖွဲ့သစ်တစ်ဖွဲ့ ပေါ်ထွက်လာ

အစ္စလာမ္မာဘတ် ဇူလိုင် ၁

ယခင်က တာလီဘန်အဖွဲ့၏ လက်ချက်အဖြစ် စွပ်စွဲထားသော ဗုံးဖောက်ခွဲမှုများ၏ နောက်ကွယ်၌ ဂါဇီအင်အားစုအမည်ရှိ စစ်သွေးကြွအဖွဲ့တစ်ဖွဲ့ပါဝင်ပတ်သက်နေကြောင်း ပါကစ္စတန်အစိုးရက ယူဆလျက်ရှိသည်ဟု ဇူလိုင် ၁ရက် သတင်းများတွင် ဖော်ပြသည်။

ဂါဇီအင်အားစုအဖွဲ့သည် အိန္ဒိယနှင့်ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကတ်ရှ်မီးယားဒေသ၌ အိန္ဒိယတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်ရန် စစ်သွေးကြွများကို အားပေးခဲ့သော ပါကစ္စတန်၏မူဝါဒအရ မမျှော်လင့်ဘဲပေါ်ပေါက်လာသည့် အဖွဲ့ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ပါကစ္စတန်အစိုးရတပ်ဖွဲ့များက ၂၀၀၇ခုနှစ် ဇူလိုင်လက အစ္စလာမ္မာဘတ်ရှိ စစ်သွေးကြွများ၏ ခြေကုပ်စခန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ လူငယ်စစ်သွေးကြွအများအပြားသေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ပါကစ္စတန်အစိုးရကို မကျေနပ်သော ဂါဇီအင်အားစုအဖွဲ့သည် ပြည်တွင်းအကြမ်းဖက်တိုက်ခိုက်မှုများ၌ ပါဝင်လုပ်ဆောင်ခဲ့သည်ဟုဆိုသည်။

ဂါဇီအင်အားစု အကြမ်းဖက်အဖွဲ့သစ်ကို ၂၀၀၇ခုနှစ် တိုက်ခိုက်မှုတွင်သေဆုံးခဲ့သော စစ်သွေးကြွများ၏ ဆွေမျိုးသားချင်းများဖြင့် ဖွဲ့စည်းထားကြောင်း၊ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အစ္စလာမ္မာဘတ် မြို့တော်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင် ယင်းအဖွဲ့ ပါဝင်ပတ်သက်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

မူးယစ်ဂိုဏ်းများအကြား ပဋိပက္ခကြောင့် သေဆုံးသူများ မက္ကဆီကိုနိုင်ငံမြောက်ပိုင်း၌ ရှာဖွေတွေ့ရှိ

မက္ကဆီကိုစီးတီး ဇူလိုင် ၁

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း နျူဗိုလီယွန်ပြည်နယ်တွင် မူးယစ်ဆေးဝါးမှောင်ခိုသမားများ ဖြစ်သလိုတွင်းတူး မြှုပ်နှံခဲ့သော အလောင်း ၁၂ လောင်းကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်ဟု မက္ကဆီကိုသတင်းဌာနက ဖော်ပြသည်။

ယင်းရုပ်အလောင်းများကို ခြံဝင်းတစ်ခုထဲတွင် လေးနေရာခွဲ၍ မြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါခြံဝင်း၌ပင် ပြန်ပေးဆွဲခံရသူနှစ်ဦးကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဇွန် ၂၉ ရက်တွင် ကယ်တင်နိုင်ခဲ့သည်။ ရုပ်ကြွင်းများသည် ပုံပန်းသဏ္ဌာန်ပျက်ယွင်းနေသဖြင့် မည်သူမည်ဝါဆိုသည်ကို ခွဲခြားမဖော်ပြနိုင်ပေ။

မူးယစ်မှောင်ခိုအဖွဲ့များသည် အမြတ်အစွန်းများများရနိုင်မည့် လမ်းကြောင်းများကို အပြိုင်အဆိုင် အသုံးပြုနေခြင်းကြောင့် အမေရိကန်နိုင်ငံထဲသို့ မူးယစ်ဆေးဝါးပို့ဆောင်ရာတွင် အချင်းချင်း ပဋိပက္ခဖြစ်ရာမှ သေဆုံးခဲ့သူများဖြစ်မည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ မက္ကဆီကိုနိုင်ငံတွင် ယခုနှစ် လတ်တလောကာလအထိ တိုက်ခိုက်မှုများကြောင့် လူ ၂၅၀၀ ထက်မနည်း သေဆုံးခဲ့သည်ဟု မက္ကဆီကိုသတင်းဌာနက ခန့်မှန်းခဲ့သည်။

ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇူလိုင် ၁ ရက်တွင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မြင်ကွင်းကို တွေ့ရစဉ်။

(ယင်းဗုံးပေါက်ကွဲမှုကြောင့် လူတစ်ဦး သေဆုံးပြီး အရပ်သားသုံးဦး အပါအဝင် ငါးဦးဒဏ်ရာရခဲ့သည်)

(ဓာတ်ပုံ-အင်တာနက်)

အဲလက်စ်အပူပိုင်းမုန်တိုင်း အင်အားကောင်းလာ ဟာရီကိန်းမုန်တိုင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်

ပေကျင်း ဇူလိုင် ၁

အပူပိုင်းမုန်တိုင်း အဲလက်စ်သည် မက္ကဆီကိုပင်လယ်ကွေ့ဒေသသို့ အဝင်၌ အင်အားကောင်းလာပြီး ဟာရီကိန်းမုန်တိုင်းအဖြစ်ရောက်ရှိခဲ့သည်ဟု သတင်း၌ ဖော်ပြထားသည်။

မုန်တိုင်းသည် တဖြည်းဖြည်းချင်း မက္ကဆီကို မြောက်ပိုင်းသို့ ဦးတည်ရွေ့လျားနေပြီး မုန်တိုင်းတိုက်ခတ်ရာနေရာများ၌ မြေပြိုမှုများဖြစ်နိုင်ကြောင်း၊ အဲလက်စ်မုန်တိုင်းကို ဇွန် ၂၉ ရက် ညပိုင်းက ဟာရီကိန်းမုန်တိုင်းအဆင့် (၁) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းဌာနက ဖော်ပြသည်။

အဲလက်စ်မုန်တိုင်းသည် ၁၉၉၅ ခုနှစ်ကတည်းက အမေရိကန်နိုင်ငံ အတ္တလန္တိတ်ကမ်းရိုးတန်းဒေသသို့ ဇွန်လ ပထမပတ်တွင် နှစ်စဉ်ဝင်ရောက်လေ့ရှိသော ဟာရီကိန်းမုန်တိုင်းတစ်ခု ဖြစ်ကြောင်းသိရသည်။

မုန်တိုင်းသည် မက္ကဆီကိုရေနံတူးစင်များ၏ တောင်ဘက်နှင့် အမေရိကန် အနောက်တောင်ဘက် ရေနံတွင်းများဆီသို့ ဦးတည်ရွေ့လျားနေသဖြင့် ရေနံဖြန့်ဖြူးမှု ခေတ္တရပ်တန့်မည့်အရေးကို ဈေးကွက်၌ စိုးရိမ်လျက်ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ၏ ၁၅ ဆက်မြောက်သမ္မတ ကျမ်းသစ္စာဆို

မနီလာ ဇူလိုင် ၁

ဖိလစ်ပိုင်နိုင်ငံ၏ ခေတ်အဆက်ဆက် သမ္မတများ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသော မနီလာမြို့ ကွာရီနို အထူးပွဲကြည့်ဆောင်တွင် ထောင်ပေါင်းများစွာသော လူထု၏ရှေ့မှောက်၌ ဘင်နစ်နိုအကွီနိုသည် ဖိလစ်ပိုင်၏ ၁၅ ဆက်မြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဇွန် ၃၀ ရက်က ဖိလစ်ပိုင်သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲကို တွဲဖက်တရားသူကြီးကွန်ချီတာကာပီအို မိုရာလက်စ်က ကြီးမှူးကာ တာဝန်ယူဆောင်ရွက်ခဲ့သည်။ သားအကွီနို ကျမ်းသစ္စာမဆိုမီ ဒုတိယသမ္မတ ဂျေဂျိုမာဘီနေက ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အနိုင်ရခဲ့

ဖိလစ်ပိုင်သမ္မတဟောင်း ကိုရာဇွန်အကွီနို၏သား အထက်လွှတ်တော်အမတ် ဘင်နစ်နိုအကွီနိုသည် ၂၀၁၀ ခုနှစ် မေလက ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည်။ ထိုရွေးကောက်ပွဲ တွင် ဖိလစ်ပိုင်နိုင်ငံသည် အီလက်ထရွန်နစ် နည်းပညာဖြင့် မဲပေးသည့်စနစ်ကို ပထမဆုံး အသုံးပြုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့အကြီးဆုံး ရေနံပြင်ရှင်းလင်းဖယ်ရှားရေးသင်္ဘော မက္ကဆီကိုပင်လယ်ကွေ့ဒေသသို့ ရောက်ရှိ

နယူးအော်လင်း ဇူလိုင် ၁

ကမ္ဘာပေါ်တွင် အကြီးဆုံး ရေနံဆယ်ယူဖယ်ရှားရေး သင်္ဘောသည် မက္ကဆီကိုပင်လယ်ကွေ့ ရေနံပြင်ရှင်းလင်းရေးလုပ်ငန်းတွင် ပါဝင်ရန် ယင်းပင်လယ်ကွေ့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကြာသပတေးနေ့ သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် အဆိုပါ ရေနံရှင်းလင်းရေးသင်္ဘောသည် လုပ်ငန်းများဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း ယင်းသင်္ဘောကို ပိုင်ဆိုင်သော တရုတ်(တိုင်ပေ)ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အေဝေးလ်ရေနံဆယ်ယူဖယ်ရှားရေးသင်္ဘောသည် မက္ကဆီကိုပင်လယ်ကွေ့သို့ ဇွန် ၃၀ ရက်က ရောက်ရှိခဲ့ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

အေဝေးလ်ရေနံဆယ်ယူရေးသင်္ဘောကို ကနဦးက ကုန်တင်သင်္ဘောအဖြစ် ပုံထုတ် တည်ဆောက်ခဲ့သော်လည်း မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှုပြဿနာကြောင့် ရေနံဆယ်ယူဖယ်ရှားရေး သင်္ဘောအဖြစ် ပုံစံပြောင်းကာ ယခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

မက္ကဆီကို ပင်လယ်ကွေ့ရေပြင်၌ ရေနံပြင်ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်နေသော သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

● စာမျက်နှာ ၃ မှ

ခဲ့သည်ကို ဝမ်းမြောက်ဖွယ်ရာ သိရကြောင်း။

ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး၊ အတန်းပညာကုန်ဆုံးအောင် သင်ကြားရေး၊ ဒေသအတွင်း ရှိပြီးဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်များတွင် အဆင့်မြင့် ပညာရပ်များကိုပါ ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဧရာဝတီတိုင်းသည် ဆန်စပါး၊ သားငါးစသည့် ထွက်ကုန်များ အများအပြားထွက်ရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်သည်နှင့် အမျှ စီးပွားရေး ပိုမို၍ ဖွံ့ဖြိုးတိုးတက်လာမည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းအတွင်း အဓိကလမ်းမကြီး ၁၀ ခု၊ တံတားကြီးငယ်ပေါင်း ၅၀၀ ကျော် အပါအဝင် နိုင်ငံတော်က တည်ဆောက်ပေးခဲ့ကြောင်း၊ ၎င်းအခြေခံကောင်းများကို ထိထိရောက်ရောက် အသုံးချ၍ ပြည်သူများအပိုင်းက တစ်ဦးချင်း ဝင်ငွေတိုးအောင် ကြိုးစား၍ အလုပ်လုပ်ကြရန်သာ လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် ပြည်သူလူထု စားဝတ်နေရေးအတွက် ပြည့်စုံဖူလုံသည့်နိုင်ငံဖြစ်ကြောင်း၊ သဘာဝသယံဇာတများလည်း ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်၍ မိမိတို့ ကြိုးပမ်းအားထုတ်သလောက် ဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် လေးမျက်နှာမြို့ ငဝန်မြစ်ကမ်း ရေတိုက်စားမှုမှ ကာကွယ်ရန် ဖြတ်မြောင်း တူးဖော်ဖောက်လုပ်ထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဖြတ်မြောင်းတူးဖော်ဖောက်လုပ်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသအခြေအနေကို ဆွေးနွေးမေးမြန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းတိုးတက်ပြုပြင်နေမှု၊ လမ်းဘေးဝဲယာ၌ ကျွန်းအထူးစိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ မိုးစပါးစိုက်ပျိုးနေမှုနှင့် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများ၊ ငါးသိုင်းချောင်းမြို့နှင့် ရေကြည်မြို့တို့၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျုံဖားရိုးကျေးရွာရှိ မြို့နယ်စံပြကွက် ဧက ၁၀၀၀ ၌ မိုးစပါးစိုက်နည်းစနစ်အလိုက် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒေသခံတောင်သူများအား တွေ့ဆုံ၍ စပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဓာတ်မြေဩဇာသုံးစွဲမှု၊ တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှု၊ စိုက်ပျိုးရေရရှိမှု၊ ယမန်နှစ် စိုက်ပျိုးရေးရာသီတွင် ဝင်ငွေတိုးတက်ရရှိခဲ့မှု အခြေအနေများကို ရင်းနှီးစွာ မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိလာနိုင်မှု၊ ဝင်ငွေတိုးတက်ရရှိလာသည်နှင့်အမျှ ဝင်ငွေကို စနစ်တကျစုဆောင်းပြီး လက်ရှိအခြေအနေထက် အဘက်ဘက်မှ သာလွန်ကောင်းမွန်အောင် နေထိုင်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဧရာဝတီတိုင်းအနေဖြင့် မိုးစပါးစိုက်ပျိုးရန် ၃၇၁၀၇၆၃ ဧက လျာထားသတ်မှတ်ခဲ့ပြီး ၁၀၀၆၃၉၄ ဧကကို စိုက်ပျိုးပြီးဖြစ်သည်။ ယခုအခါ မိုးပုံမှန်ရွာသွန်းလာပြီဖြစ်သည့်အတွက် လျာထားချက် ပြည့်မီကျော်လွန်အောင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ-ညောင်ဦးမြို့တို့၌ လှည့်လည်ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာ

နေပြည်တော် ဇူလိုင် ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇွန် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုသည်။

ညပိုင်းတွင် ဧည့်သည်တော် တရုတ်ဒုတိယ ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရောက်ရှိ

ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇွန် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး၌ သွားရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တရုတ်ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်ဧည့်သည်တော်အဖွဲ့သည် နေပြည်တော် ဝန်ကြီးဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ပြည်သူ့လွှတ်တော် အဆောက်အအုံနှင့် သမ္မတအိမ်တော်တည်ဆောက်နေမှု၊ နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်ကြည့်ရှုကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် တရုတ်ဧည့်သည်တော်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နန်းမြင့်မျှော်စင်သို့ ရောက်ရှိပြီး မျှော်စင်အပေါ်ဆုံးထပ်မှ ပုဂံမြို့၏ ညနေဆည်းဆာအလှကို ကြည့်ရှုကြသည်။

ညပိုင်းတွင် တရုတ်ဧည့်သည်တော်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က Aureum Palace Hotel and Resort ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦးမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး မန္တလေးဈေးချိုရှိ ရွှေဟသ်ာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက် ကျောက်မျက်ရတနာ အရောင်းခန်းမ၊ မန္တလေးဈေးချိုတော်နှင့် မန္တလေးမြို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဦးစိန်မြင့် ရွှေချည်ထိုးလက်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မန္တလေးတောင်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော် ကြည်ညိုကြ၍ မန္တလေးမြို့ ရှုခင်းကို ကြည့်ရှုကြသည်။

ညပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးက မန္တလေးမြို့ ဆီဒိုးနား ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၅၈)ကြိမ်မြောက် အောင်ဘာလေထီဖွင့်

ရန်ကုန် ဇူလိုင် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၅၈) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း ၁၀၀၀ ဆု

စ-၇၀၉၃၇၀

ကျပ်သိန်း ၅၀၀ ဆု

ဆ-၂၀၈၉၇၇

ကျပ်သိန်း ၃၀၀ ဆုများ

ခ-၆၉၇၇၉၉ ဏ-၉၅၈၈၃၂

ကျပ်သိန်း ၂၀၀ ဆုများ

ထ-၇၈၁၅၉၆ ဍ-၂၃၄၀၆၂ ဇ-၇၀၅၈၄၅ န-၁၂၆၇၉၆ ဒ-၉၀၄၅၁၉

ကျပ်သိန်း ၁၀၀ ယူနစ်(မင်္ဂလာစုံတွဲ)

ဆ-၆၀၈၀၃၇ ထ-၅၇၅၄၂၀ ဗ-၂၃၇၅၆၉ ပ-၅၆၀၄၇၂ င-၁၂၂၀၈၄
ဒ-၃၃၇၀၈၀ ဈ-၁၈၄၇၂၆ ဗ-၈၀၀၉၀၈ ဏ-၅၉၆၉၁၈ င-၄၃၇၈၁၇
ဃ-၃၅၃၆၅၁ ဏ-၈၆၉၃၈၁ ဠ-၁၂၂၆၈၈

(သတင်းစဉ်)

ကျောင်းသုံးစာအုပ် စာရေးကိရိယာ ကျောင်းဝတ်စုံများလှူဒါန်း

မန္တလေး ဇူလိုင် ၁

ပဉ္စမအကြိမ် မောင်မောင်စီ (စည်သူမြန်မာ) ပညာရေးဖောင်ဒေးရှင်း၏ ပညာဒါန ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာ အထက်တန်းကျောင်း ဌေးသန်းမြင့်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်လတ်တို့က အမှာစကားပြောကြားကြပြီး သီရိမာလာအနောက်ရပ်ကွက်ရှိ အမှတ်(၂၁)အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၂)၊ (၃၇)၊ (၃၈)၊ (၄၀)နှင့် ဥသျှစ်ကုန်းပညာရေးကျောင်းတို့မှ ကျောင်းနေရန်ခက်ခဲသော မူလတန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၅ ဦးတို့အတွက် ငွေကျပ် ၁၉ သိန်းကျော် တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ စာသင်ခုံများ၊ ကျောင်းဝတ်စုံနှင့် ဖိနပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မောင်မောင်စီ (စည်သူမြန်မာ)ပညာရေးဖောင်ဒေးရှင်း၊ အလှူရှင် ဒေါ်စန်းစန်းဦး (စိန်ဖြိုးပဲခွဲစက်) မိသားစုက မြို့နယ်ပညာရေးအတွက် ငွေကျပ်သုံးသိန်းနှင့် ရပ်ကွက်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ရေအေးစက်တစ်လုံးကို လှူဒါန်းကြောင်း သိရှိရသည်။ (၄၆၉)

ဇွန် ၂၇ ရက်က အထက(၁) မရမ်းကုန်း (ယခင်သမိုင်းမြို့မကျောင်း) စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ရေးအဖွဲ့ စတင်တည်ထောင်ခဲ့သူ အဖွဲ့၏ဂုဏ်ထူးဆောင်နာယကဆရာကြီး ဦးကျော် (ကွယ်လွန်)အား ရည်စူး၍ မိသားစုကိုယ်စား သမီးကြီး ဒေါ်မြင့်မြင့်ခင် (ဆရာမ-ငြိမ်း)က အလှူငွေကျပ်သုံးသိန်းကို စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ အဖွဲ့ဂုဏ်ထူးဆောင်နာယက ဆရာကြီး ဦးဝင်းကြိုင် လက်ခံယူစဉ်။ (ကြေးမုံ)

နေပြည်တော်တပ်ကုန်း မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ခန့်တို့ မြို့မဈေးအတွင်းရှိ မီးသတ်ရေငုတ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (၅၆၄)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အစီရင်ခံစာ

မြင့်အောင် (ဧယျာမြေ)

သူငယ်ချင်း. . .

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ (UN International Day of Co-operatives)ကို ရောက်လာပြန်ပြီနော်။ နှစ်စဉ်ဇူလိုင်လရဲ့ ပထမစနေနေ့ (First Saturday of July Each Year)ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့တာ မင်းလည်း သိပါတယ်။ ၁၉၉၄ ခုနှစ်မှာကျင်းပတဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ (၄၉)ကြိမ်မြောက် အထွေထွေညီလာခံမှာ အထွေထွေအတွင်းရေးမှူးချုပ် တင်သွင်းတဲ့ "ပြောင်းလဲတိုးတက်နေသော စီးပွားရေးနှင့် လူမှုရေး အလားအလာသစ်များအတွင်းမှ သမဝါယမ၏ အခန်းကဏ္ဍ"ဆိုတဲ့ စာတမ်းကို အသိအမှတ်ပြုတဲ့အနေနဲ့ရော၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးမှ သမဝါယမများကို ချီးမြှောက်ဂုဏ်ပြုတဲ့အနေနဲ့ပါ "အပြည်ပြည်ဆိုင်ရာသမဝါယမနေ့"အဖြစ် သတ်မှတ်ပေးခဲ့တယ် မဟုတ်လား။

သူငယ်ချင်း. . .

မင်းက သမဝါယမဦးစီးဌာန ဝန်ထမ်းအဖြစ်နဲ့ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသလို ငါကလည်း သမဝါယမအသင်းသားအဖြစ်နဲ့ ငါတို့နိုင်ငံတော်ရဲ့ စီးပွားရေးတည်ဆောက်မှုလုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်နေတာ မင်းအသိပါ။ ဒီလိုဟန်ချက်ညီညီနဲ့ လက်တွဲဆောင်ရွက်တယ် ဆိုတာလည်း သမဝါယမရဲ့ သမိုင်းကြောင်းတွေ၊ အနှစ်သာရနဲ့ တန်ဖိုးတွေကို နားလည်သဘောပေါက်နေလို့ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မင်းနဲ့ငါဆုံတုန်းက ဆွေးနွေးခဲ့သမျှတွေ အခုတစ်ဆင့်ဖြန့်ဝေနေတာ မင်းနားလည်မှာပါ။ မှန်ပါတယ်။ မင်းပြောသလိုပဲ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ၁၉၉၄ ခုနှစ်က စတင်သတ်မှတ်ခဲ့တာကြောင့် ငါတို့နိုင်ငံမှာလည်း နိုင်ငံတကာမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၊ အဖွဲ့ဝင်နိုင်ငံများနည်းတူ ၁၉၉၅ ခုနှစ်က စပြီး ကျင်းပလာခဲ့တာ အခုဆိုရင် (၁၆)ကြိမ်မြောက် ရှိပြီပေါ့နော်။ တစ်ခါ ၁၉၉၅ ခုနှစ်ဆိုတာကလည်း အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA)ရဲ့ "ရာပြည့်" နှစ်ပဲမဟုတ်လား။ ဘာလို့လဲဆိုတော့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်(ICA)ကို ၁၈၉၅ ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှာ စတင်ဖွဲ့စည်းခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းရာမှာလည်း ၁၈၄၄ ခုနှစ် ဗြိတိန်နိုင်ငံ ရော့ခ်ဒေးရှ့ဆောင်လမ်းပြ သမဝါယမအသင်း စတင်ပေါ်ပေါက်ခဲ့ချိန်ကစပြီး ပြန့်ပွားဖွဲ့စည်းခဲ့ကြတဲ့ နိုင်ငံအသီးသီးရှိ သမဝါယမအသင်းများ အချင်းချင်း ရင်းနှီးစွာဆက်ဆံကြရန်နဲ့ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်စေရန်ဆိုပြီး မွန်မြတ်တဲ့ရည်ရွယ်ချက်တွေထားရှိခဲ့တယ်ဆိုတာ မင်းတို့ ငါတို့ အသိမဟုတ်လား။

သူငယ်ချင်း. . .

ဒီလိုမွန်မြတ်ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးရဲ့ ရာပြည့်အခမ်းအနားကို ၂၀-၉-၉၅ ရက်မှ ၂၃-၉-၉၅ ရက်အထိ ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့မှာ ကျင်းပခဲ့ကြတယ်လေ။ မွန်မြတ်တဲ့ရည်ရွယ်ချက်တွေ ရှိနေတဲ့အတွက်ကြောင့်လည်း ငါတို့သမဝါယမ အသင်းအဆင့်ဆင့်က အမြင့်ဆုံးအသင်းဖြစ်တဲ့ ဗဟိုသမဝါယမအသင်းအနေနဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမလုပ်ရှားမှုများမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေဖို့ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို ၇-၉-၁၉၉၃ ရက်မှာ အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့တာဖြစ်တယ် သူငယ်ချင်းရေ။ အခုဆိုရင် ငါတို့နိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဈေးကွက်စီးပွားရေးစနစ်နဲ့ ဆီလျော်အောင် ဖွဲ့စည်းဆောင်ရွက်နေတယ်ဆိုတာ မင်းလည်းသိပါတယ်။ မင်းပြောပြချက်အရ အခုလက်ရှိ အနေအထားမှာ အခြေခံသမဝါယမအသင်း ၁၁၂၈၅ သင်း၊ သမဝါယမအသင်းစု ၅၁၈ သင်း၊ သမဝါယမအသင်းစုချုပ်အသင်း ၂၀ နဲ့ ဗဟိုသမဝါယမအသင်းတစ်သင်း စုစုပေါင်း ၁၁၈၂၄ သင်း ရှိနေပြီဆိုတာ သိခဲ့ရပါတယ်။

သူငယ်ချင်း . . .

ကမ္ဘာ့သမဝါယမ လှုပ်ရှားမှုအနေနဲ့ ပထမဆုံး အောင်မြင်စွာဖွဲ့စည်းခဲ့တဲ့ ရော့ခ်ဒေးရှ့ဆောင်လမ်းပြ သမဝါယမအသင်းဟာ ၁၈၄၄ ခုနှစ်က စတင်ခဲ့တာ ဖြစ်တဲ့အတွက် အခုဆိုရင် နှစ်ပေါင်း ၁၆၆ နှစ်ကျော် ရှိပြီပေါ့။ တစ်ခါ မင်းတို့ငါတို့ မြန်မာနိုင်ငံမှာ သမဝါယမလှုပ်ရှားမှု စတင်သန္ဓေတည်ခဲ့တဲ့"မြင်းမူမြို့နယ် ငွေစုငွေချေး သမဝါယမအသင်း"ကတော့ ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့မှာ စတင်ခဲ့တာဖြစ်တဲ့အတွက် အခုဆိုရင် သက်တမ်း ၁၀၅ နှစ်ကျော် ရှိပြီပေါ့ သူငယ်ချင်းရာ. . . "မြန်မာ့သမဝါယမအစ မြင်းမူက"လို့ ဆိုနိုင်တယ်မဟုတ်လား။ ဒီလို သမိုင်းသက်သေတည်တံ့စေဖို့အတွက်လည်း အခုဆိုရင် စစ်ကိုင်းတိုင်း မြင်းမူမြို့မှာ "သမဝါယမမော်ကွန်းကျောက်စာတိုင်"ကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ပြီးဖြစ်လို့ သမဝါယမလောကသားတွေအားလုံး ဂုဏ်ယူဝင့်ကြွားစရာ တစ်ရပ်ပေါ့ကွာ။

သူငယ်ချင်း . . .

သမဝါယမဆိုတာ အနှစ်ချုပ်စကားနဲ့ အထင်ရှားဆုံး ပြောရမယ်ဆိုရင်"ညီညွတ်မျှတတဲ့ လူမှုစီးပွားရေးဘဝကို တည်ဆောက်နိုင်ရန် ပေါ်ပေါက်လာတဲ့ လုပ်ငန်းစဉ်"သာ ဖြစ်တယ်လို့တဖွဖွပြောခဲ့တဲ့ မင်းရဲ့စကားတွေကို အခုထိမှတ်မိနေတုန်းပါပဲ။ ပြီးတော့လည်း သမဝါယမလုပ်ငန်းစဉ်များအနေနဲ့ ဒီလိုသက်တမ်း

ရာကျော် ရှင်သန်ရပ်တည်နိုင်ခဲ့တယ်ဆိုတာ သမဝါယမရဲ့ ထူးခြားရှင်သန်နေတဲ့ တွေးခေါ်ယူဆချက် အနှစ်သာရ၊ ကျင့်ဝတ်တို့အပြင် ခေတ်နဲ့တစ်ပြေးညီ ပြုပြင်ပြောင်းလဲ ကျင့်သုံးနိုင်စွမ်းရှိတဲ့ သမဝါယမ အခြေခံမှုများကြောင့် မဟုတ်လား။ ငါလည်း မင်းနဲ့ တွေ့ပြီးနောက်ပိုင်းမှာ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်မှာ ဇမ္ဗူထိပ်ခေါင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းကို စနစ်တကျဖွဲ့စည်းပြီး စေတနာမှန်နဲ့ အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့တယ်လေ။ ငါတို့အသင်းကြီးဟာ အသင်းသားတောင်သူလယ်သမားတွေကို ရာသီအလိုက် သီးနှံမျိုးစေ့တွေထုတ်ပေးခြင်း၊ သူတို့ဆီက ထုတ်လုပ်ထွက်ရှိလာတဲ့ သီးနှံတွေကို ဈေးကွက်တင်ပေးခြင်းနဲ့ ငွေကြေးလိုအပ်မှုအတွက်လည်း ဝန်ဆောင်မှုအသက်သာဆုံးနဲ့ ချေးငွေအဖြစ် ထုတ်ပေးတာမျိုးတွေ လုပ်ပေးပါတယ်။ အသင်းသားတွေကလည်း ချွေတာစုဆောင်းမှုများအဖြစ် စုဆောင်းကြတဲ့အတွက် အသင်းနဲ့အသင်းသားများ အပြန်အလှန်အကျိုးရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း စိုက်ပျိုးချိန် နီးလာရင် မျိုးစေ့အတွက် ပူပန်ရတဲ့ဒုက္ခ၊ စိုက်ပျိုးစရိတ်မရှိလို့ ပူပန်ရတဲ့သောကတွေကင်းဝေးပြီး ချွေတာစုဆောင်းတတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိလာကြတယ်လေ။ ဒါတွေဟာ သမဝါယမရဲ့ အသီးအပွင့်တွေထဲက တစ်ခုမဟုတ်လား။ ဒါကို ဘာလို့ထည့်ပြောရသလဲဆိုရင် သမဝါယမလုပ်ငန်းစဉ်၊ နည်းစနစ်နဲ့ ကျင့်ဝတ်အတိုင်းသာ ဆောင်ရွက်ကြမယ်ဆိုရင် လူမှုအကျိုးစီးပွားကို အမှန်တကယ် အထောက်အကူပြုတာ၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုတာ ထင်ရှားစေချင်လို့ပါ သူငယ်ချင်းရာ။ ဒီအသင်းကြီးလိုပဲ နိုင်ငံအနှံ့၊ ဒေသအနှံ့ သမဝါယမတွေမှာလည်း ကုန်ထုတ်၊ ဝန်ဆောင်၊ ကုန်သွယ်ကဏ္ဍအသီးသီး ဆောင်ရွက်မှုတွေနဲ့ အကျိုးပြုနေတာမဟုတ်လား။

သူငယ်ချင်း. . .

ဒီလို အသင်းသားပြည်သူတွေနဲ့ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းတဲ့ အင်္ဂါရပ်တွေရှိတာကြောင့် ငါတို့နိုင်ငံတော်ရဲ့ "၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ"မှာ သမဝါယမရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်လို့ တိကျစွာ ပြဋ္ဌာန်းပေးထားတာ တွေ့ရမှာဖြစ်ပါတယ်။ [အခန်း (၁)-နိုင်ငံတော်အခြေခံမူများ]၊ ပုဒ်မ(၃၆) (က)မှာ-

> "အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်" ဟု ဖော်ပြထားတာ တွေ့ရမှာ ဖြစ်ပါတယ်။

ဒါဟာ ငါတို့သမဝါယမလုပ်ငန်းစဉ် နည်းစနစ်တွေကို ကျင့်ဝတ်နဲ့ အနှစ်သာရတွေအပေါ် အခြေပြုကြိုးစားဖော်ဆောင်ခြင်းဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြဖို့ မီးမောင်းထိုးပြလိုက်တာပဲလို့ အလေးအနက် ခံယူမိပါတယ်ကွာ။ မင်းတို့ ငါတို့ သမဝါယမ မိသားစုတွေအနေနဲ့ အမိမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ သမဝါယမနည်းလမ်းများအရ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ဖို့ဆိုရင် မင်းတို့ ငါတို့ လက်တွဲညီညီ၊ ဟန်ချက်ညီညီစုစည်းကြဖို့ အဓိကပဲ မဟုတ်လား။ ဒါကြောင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် မင်းတို့ ငါတို့ သမဝါယမမိသားစုများအနေနဲ့က ပြည်သူတွေနဲ့အတူ ဝိုင်းဝန်းကြိုးပမ်း လျှောက်လှမ်းကြပါစို့လို့ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှာ အလေးအနက် အဓိဋ္ဌာန်ပြု နှိုးဆော်လိုက်ပါတယ်ကွာ။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၇။ "အသိစိတ်ကလေး အရင်းတည်၍"
၈:၄၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၁၅ ၁။ **မြန်မာ-စင်ကာပူချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာယူ-၂၃အသင်းနှင့် စင်ကာပူ Asian Games Team အသင်း)**
၅:၁၅ ၂။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၉)
၅:၂၅ ၃။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅ ၄။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၆:၀၀ ၅။ ညနေခင်းသတင်း
၆:၁၅ ၆။ မိုးလေဝသအခြေအနေ
၆:၂၀ ၇။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း) (အပိုင်း-၁၃)
၈:၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ ရွှေမြရံခြယ် [စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး (အလက်ာဝတ်ရည်)
၁၃။ သီချင်းချစ်သူ(နေမျိုး)
၁၄။ **မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့က စီစဉ်တင်ဆက်သော ၂၀၀၉ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြပွဲ "အရွယ်သုံးပါး မိန်းမသား အလှဝေဖြာမေမြန်မာ"**
၁၅။ အစီအစဉ်ပြီး၏။

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

နေပြည်တော် ဇူလိုင် ၁

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ ဒုတိယဆုရ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)ရေးသားသည့် "သိကောင်းစရာ e-commerce" စာအုပ်ကို စာအုပ်အသင်း၏ (၆၁)အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

❖ **ကျောဖုံးမှ**

ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Zhang Xiaoqiang က ကြိုဆိုခဲ့ပြီး မြန်မာနိုင်ငံတော်အလံ လွှင့်တင်ခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ကုန်စည်ပြပွဲ ဗဟိုအဆောက်အအုံ ဧည့်ခန်းမ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့သည်။

မြန်မာပြခန်းဆောင်

မြန်မာပြခန်းဆောင်၏ ရည်မှန်းချက်ဆောင်ပုဒ်မှာ " Better Urbanization with Harmonized Eco-System" ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရှေးဘုရင်ခေတ် မြို့ပြလူနေမှုဘဝမှစတင်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလျက် ခေတ်မီမြို့ပြတည်ဆောက်မှုကို ထင်ဟပ်သည့် နေပြည်တော် တည်ဆောက်မှုအထိ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာမှုကို ပြသထားသည်။ နိုင်ငံသားများ၏ လူနေမှုဘဝ မြင့်မားရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို မြန်မာအစိုးရက အကောင်အထည်ဖော်နေပုံနှင့် စပ်လျဉ်း၍ ဖော်ကျူးထားသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် အနုပညာဖျော်ဖြေတင်ဆက်မှုပေါင်း ၁၁၀၀ ခန့် အထိပြုလုပ်ရန် အစီအစဉ်များ ရေးဆွဲထားသည်။ ပြည်နယ်များအလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအလိုက်နှင့် မြို့ကြီးများအလိုက် မိမိတို့၏ ဦးတည်ချက်ဆောင်ပုဒ်ကို ထင်ဟပ်သော လှုပ်ရှားမှုအစီအစဉ်များဖြင့် တင်ဆက်ရန် ပြင်ဆင်ထားကြသည်ဟု မြန်မာသတင်းအဖွဲ့ လေ့လာတွေ့ရှိရသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ယဉ်ကျေးမှုနှင့် အနုပညာဖျော်ဖြေတင်ဆက်မှု မှတ်သားရသည်။ ယဉ်ကျေးမှုနှင့် အနုပညာပွဲသဘင် အစီအစဉ်များအနက် ထက်ဝက်ကို တရုတ်နိုင်ငံရှိ ပြည်နယ်များက တင်ဆက်လျက်ရှိပြီး အစီအစဉ်ထက်ဝက်ခန့်ကို နိုင်ငံတကာမှ အနုပညာအဖွဲ့များက တာဝန်ယူထားသည်။ နေ့စဉ်ဖျော်ဖြေတင်ဆက်မှုများကို အားပေးကြည့်ရှုသူ ၂၀၀၀၀၀ ကျော် ရှိမည်ဟု မျှော်လင့်ရသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲသည် ယဉ်ကျေးမှု

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ဇွန် ၁၇ ရက်က ကျန်းစုပြည်နယ် ရက်သတ္တပတ် အထိမ်းအမှတ် ဖျော်ဖြေမှုများ တင်ဆက်ခဲ့သည်။

အစီအစဉ်ပေါင်း ၂၀၀၀၀ ကျော် ရှိမည်ဟု ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ညှိနှိုင်းရေးဗျူရို တာဝန်ရှိသူများက ရှင်းပြခဲ့ကြသည်။ နေ့စဉ် ယဉ်ကျေးမှုနှင့် အနုပညာဖျော်ဖြေတင်ဆက်မှုအစီအစဉ် ၁၀၀ ခန့်ရှိမည်ဟု ပန်းပေါင်းစုံ လန်းဖြာနေသော နိုင်ငံတကာပြပွဲအဖြစ် ရောက်ရှိစေသည်ဟု တာဝန်ရှိသူများက ပြောကြားကြသည်။

ဇွန် ၁၂ ရက်က ဂျပန်ပြခန်းဆောင်နေ့ အထိမ်းအမှတ်အဖြစ် နဂါးအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

ထို့ထက်တိုး၍ဆိုရသော် နိုင်ငံတကာအဖွဲ့အစည်းအများအပြားက တာဝန်ယူသည့် တင်ဆက်မှုများသည် ကုန်စည်ပြပွဲ အခါသမယကို အောင်ပွဲသဘင် သရုပ်သကန်များနှင့် ပြည့်စုံစေပေလိမ့်မည်။

တင်ဆက်မှုများ

အိမ်ရှင်တရုတ်နိုင်ငံသည် အခမ်းအနားများ၊ ယဉ်ကျေးမှုသရုပ်ဖော် ကပွဲများ၊ အနုပညာဖျော်ဖြေမှုများနှင့် ဦးတည်ချက်ဆောင်ပုဒ်များကို ထင်ဟပ်သည့် တင်ဆက်မှုများ ပြုလုပ်သွားရန်စီစဉ်ထားသည်။

တရုတ်နိုင်ငံသည် ကုန်စည်ပြပွဲ၏ ဦးတည်ချက်ဆောင်ပုဒ်ကို သရုပ်ဖော်သော ယဉ်ကျေးမှုပဒေသာကပွဲများ (Pageants)ကို ကုန်စည်ပြပွဲကာလ (မေ ၁ရက်မှ အောက်တိုဘာ ၃၁ ရက်)အတွင်း နေ့စဉ်ကျင်းပလျက်ရှိသည်။

ဆောင်ပုဒ်ထင်ဟပ်

ဦးတည်ချက်ဆောင်ပုဒ်ကို ထင်ဟပ်သည့် ပြပွဲ(Theme Show)ကို "မြို့ပြ ပြတင်း" (Window of the City) ဟု အမည်ပေးထားပြီး မြို့ပြလူနေမှုဘဝ တရွေ့ရွေ့ တိုးတက်ပြောင်းလဲလာပုံကို ဆက်တင်များဖြင့် သရုပ်ဖော်ကာ ကုန်စည်ပြပွဲ ဦးတည်ချက်ဆောင်ပုဒ်နှင့်အညီ ဇုန်(ဂ)တွင် ကျင်းပလျက်ရှိသည်။

ကပွဲများ

တရုတ်အရှေ့တိုင်း တေးသီချင်းနှင့် အကအဖွဲ့ (China Oriental Song and Dance Ensemble) သည် ရှန်ဟိုင်းကုန်စည်ပြပွဲ၏ ကြီးကျယ်ခမ်းနားလှသော ဖျော်ဖြေတင်ဆက်မှုဖြစ်ပြီး "ရောင်စုံကမ္ဘာ" (Colorful World) နှင့် "အံ့ချီးဖွယ် တရုတ်ပြည်" (Splendid China) ဟူ၍ ကပွဲများကို အမည်ပေးထားသည်။ ဇုန်(ခ)ရှိ ကုန်စည်ပြပွဲယဉ်ကျေးမှုဗဟိုဌာန (Expo Culture Centre)တွင် နေ့စဉ် တင်ဆက်လျက်ရှိသည်။

ကျွမ်းဘားကပွဲ

"ကျွမ်းဘားကပွဲ" (Acrobatic Drama) ကို ကုန်စည်ပြပွဲကာလအတွင်း တင်ဆက်ရန် အစီအစဉ်ပြုလုပ်ထားသည်။ ရိုးရာကိုယ်လုံးပညာ၊ မျက်လှည့်၊ စတန့်၊ တေးသီချင်းများနှင့် အကများကိုပေါင်းစပ်ကာ တင်ဆက်ပြီး တရုတ်လက်ဖက်ရည်ကြမ်း ယဉ်ကျေးမှု (Tea Culture) ကိုလည်း သရုပ်ဖော်မည်ဖြစ်သည်။ ဖျော်ဖြေရေးခန်းမ ဇုန်(ဃ)တွင် ယင်းအစီအစဉ်ကို နေ့စဉ် ဖျော်ဖြေတင်ဆက်ပေးသည်။

အခြားအစီအစဉ်များ

ကုန်စည်ပြပွဲကာလအတွင်း တင်ဆက်ပေးလျက်ရှိသော အခြားကပွဲများနှင့် အစီအစဉ်များမှာ ရှောင်လင်ကွန်ဖူးကပွဲ (Shaolin Kung Fu Play)၊ ဝူဒန်းကွန်ဖူးပြပွဲ (Wudang Kung Fu Play)၊ စင်တင်အနုပညာနှင့် ရိုးရာလက်မှုပညာတို့ကို အဆိုအကများဖြင့် ပေါင်းစပ်တင်ဆက်သည့်ကပွဲ (China Elements)၊ ကုန်စည်ပြပွဲ သံပြိုင်တေးပွဲတော် (Expo Chorus Festival)၊ မြို့ပြအကောင်းဆုံးကျင့်စဉ်များဆိုင်ရာ ပြခန်းဆောင်များပွဲတော် (Urban Best Practices Area Square Festival)၊ တုတ်ထိုးရုပ်သေးပွဲတော် (Rod-puppet Show)၊ တရုတ်ဂန္ထဝင်ဝတ္ထု Romance of the Three Kingdoms သရုပ်ဖော်ကပွဲ၊ ကလေးများ၏ ဘက်စုံမီဒီယာပြပွဲ (Children's Multimedia Show)၊ ရှန်ဟိုင်း၊ မီလန်နှင့် တိုကျိုမြို့တို့ရှိ မိသားစုသုံးစုကို ဇာတ်လမ်းဖော်တင်ဆက်သည့် "We Are The Family" အမည်ရှိ အစီအစဉ် (Interactive Experience Programme)၊ လူငယ်များအတွက် တီထွင်ဆန်းသစ်မှု စီမံကိန်းများ လေ့လာရေးအစီအစဉ် (Innovative Tours of Youth)၊ လူငယ်များအတွက် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ် (Youth Services Events) တို့ဖြစ်ကြသည်။ ။

မြန်မာ ပြခန်းဆောင်

မြန်မာ ပြခန်းဆောင်တွင် စိတ်ဝင်တစား လေ့လာကြည့်ရှုနေကြသည့် ဧည့်သည်များကို တွေ့ရစဉ်။

မြစ်ဝကျွန်းပေါ်ဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မောင်တောမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ သီပေါမြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၁ ဒသမ ၆၁ လက်မစီ၊ လားရှိုးမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် ကျောက်တော်မြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

Kobelco Hydraulic Excavator (Acera Geospec Super) လုပ်ကိုင်နိုင်စွမ်းရည်သစ် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁

မြန်မာကိုင်ဒိုကုမ္ပဏီက တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသော ဂျပန်နိုင်ငံထုတ် Kobelco Hydraulic Excavator (Acera Geospec Super)၏လုပ်ကိုင်နိုင်စွမ်းရည်သစ် မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ညွှန့်ဦးက အဖွင့်အမှာစကားပြောကြားပြီး Kobelco Acera Super ၏ လုပ်ကိုင်နိုင်စွမ်းရည်သစ်ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် Kobelco International (S) Co.,Ptd.Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Takehiko Nakai က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယပိုင်း အစီအစဉ်ကို ရန်ကုန်မြို့ရှိ ဒူးဆစ်အင်းယားလိတ်ဟိုတယ် မြက်ခင်းပြင်၌ကျင်းပရာ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာနှင့် Kobelco Internationa(S) Co.,Ptd.Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Takehiko Nakai တို့က Kobelco Acera Geospec Super SK250 ၏ စက်စွမ်းရည်သစ် လက်တွေ့သရုပ်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖိတ်ကြားထားသည့် ဧည့်သည်များက ကြည့်ရှုလေ့လာကြသည်။

မြန်မာကိုင်ဒို ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးဇော်ညွှန့်ဦးနှင့် Kobelco International(S) Co.,Ptd.Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Takehiko Nakai တို့ Kobelco Acera Geospec Super SK 250 ၏ စက်စွမ်းရည်သစ် လက်တွေ့သရုပ်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

Kobelco အမှတ်တံဆိပ် ယန္တရားများသည် ဂျပန်နိုင်ငံ ဟီရိုရှီးမားမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွက် မြန်မာကိုင်ဒိုကုမ္ပဏီက တိုက်ရိုက်တင်သွင်းဖြန့်ချိသည်။ မြန်မာကိုင်ဒိုကုမ္ပဏီအနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ တရားဝင်ယန္တရားစီးရေ ၃၀၀ ကို တင်သွင်းဖြန့်ချိခဲ့သည်။ ၁၉၃၀ ခုနှစ်မှစတင်၍ ထုတ်လုပ်ခဲ့သည့် Kobelco ယန္တရားများကို Model အဆင့်ဆင့်ပြောင်းလဲထုတ်လုပ်ခဲ့ရာ ယခုအခါ Acera Geospec Super သည် နောက်ဆုံးထုတ် Model ဖြစ်သည်။

မျိုးဆက်သစ် Geospec ၏ လုပ်ဆောင်နိုင်မှုစွမ်းပကားများသည် ပိုမိုမြင့်မားလာသော လုပ်ဆောင်နိုင်မှု၊ စက်သုံးစွဲမှုစရိတ် သက်သာစေပြီး ပိုမို အကျိုးအမြတ်ဖြစ်ထွန်းစေနိုင်မှုနှင့် စက်သုံးစွဲရာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေနိုင်မှုတို့ဖြစ်သည်။ ထို့အပြင် ဆီစားနှုန်း သက်သာပြီး လုပ်ငန်းဆောင်ရွက်ချိန် ပိုမိုကြာမြင့်သည်။ ကြမ်းတမ်းစွာဖြင့် လုပ်ငန်းကြီးများ (Heavy Duty) ကို ဆောင်ရွက်နိုင်သည်။ နှစ်တန်မှ ၈၅ တန်အထိ Operating Weight တာဝန်ထမ်းဆောင်နိုင်သည့် ယန္တရားကြီးများကို ရရှိနိုင်သည်။

မြန်မာကိုင်ဒိုကုမ္ပဏီမှ After Sales Services နှင့် Spare Parts Supply တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ပုလောမြို့နယ် အောက်ပေါင်းကျေးရွာ၌ ကျင်းပသည့် မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲ၌ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ မိုးစပါးစုပေါင်းစိုက်ပျိုးမှု ကြည့်ရှုအားပေးပြီး သမုတ်-ဘုတ်ခြံရထားလမ်းပိုင်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇူလိုင် ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိပြီး မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့ရှိ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တနင်္သာရီတိုင်း သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာနှင့် မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူးတို့က မိုးစပါးလျာထားချက်များအပေါ် စိုက်ပျိုးပြီးစီးမှု၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့် မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး မြေယာဖော်ထုတ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်) တိုင်းမန်နေဂျာက နှစ်အလိုက် ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရန် လျာထားချက်အပေါ် ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရေး အပါအဝင် လုပ်ငန်းလိုအပ်ချက်များကို အကျယ်တဝင့် အမှာစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် ပုလောမြို့နယ် အောက်ပေါင်းကျေးရွာ တောင်သူတစ်ဦး၏ လယ်မြေ၌ ကျင်းပသည့် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဒေသခံတောင်သူများ၏ ဆင်းသွယ်လတ် မျိုးစပါး တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေမှုနှင့် လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မှာကြား

ယင်းနောက် ရှင်းလင်းဆောင်၌ ပုလောမြို့နယ် ဥက္ကဋ္ဌက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က စပါးစိုက်တောင်သူများ ကောက်ပြည့်မီစေရေးနှင့် အထွက်နှုန်းကောင်းစပါးမျိုးများကို အသုံးပြု စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများက နည်းပညာပေး ကွင်းဆင်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

တူးမြောလုပ်ငန်း

ထို့နောက် ထားဝယ် -မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း သမုတ်-ဘုတ်ခြံလမ်းအပိုင်းတွင် ရထားလမ်းအူကြောင်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် တူးမြောလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အချိန်မီပြီးစီးရေး

ထိုမှတစ်ဆင့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာက သမုတ် - ဘုတ်ခြံ လမ်းအပိုင်းတွင် ကုမ္ပဏီအလိုက် မြေသားလုပ်ငန်းများနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က အချိန်မီပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသည့် ဓာတ်ရောင်ခြည်ကုသစက်အတွက် ငွေကျပ် သိန်း ၅၀ နှင့် နှလုံးကုသဆောင်အတွက် ငွေကျပ် ၄၅ သိန်းခန့်တန် နှလုံးခုန်စက်တစ်လုံးကို အလှူရှင် ဦးမောင်မောင်၊ ဒေါ်ရွှေ (ဂမုန်းပွင့်မိသားစု)က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မြဝတီထရေးဒင်းလီမိတက်မှ ဝန်ထမ်းများနှင့် သင်တန်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြော

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၅)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးမောင်မောင်သက်နှင့် အဖွဲ့သည် ဇွန် ၃၀ ရက်က သာကေတမြို့နယ် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းရုံး၌ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မြဝတီထရေးဒင်းလီမိတက်မှ ဖွင့်လှစ်သည့် လုံခြုံရေးသင်တန်းမှ သင်တန်းသား ၆၂ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** (ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၉။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၄၀	၃။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀	၅။	မဟာဂီတချိုကြည်မြ
၅း၀၀	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေဘဝဲများအကြောင်း (အပိုင်း-၂)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၄။	"ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၅၀	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၄၃)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) **- ဟော်လန်နှင့်ဘရာဇီး**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

၃-၇-၂၀၁၀ ရက် (စနေနေ့)

၁း၀၀	၁။	၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) **- ဥရုဂွေး နှင့် ဂါနာ**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၁၀ (သောကြာနေ့)

AM & PM
၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ရက်တိုတို မဂ်ဖိုလ်ဝင်မည့် ဉာဏ်လမ်း"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့ဩဘာအကျိုးဆောင် တောင်သူကြီးများဂုဏ်ပြုပွဲ)
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၄)**
၈း၃၀ ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
၈း၅၀ Activities in The City
- စိန်ရတုမဟာနာယက ကျောင်းဆောင်သစ်လှူပြောင်းပေးအပ်ပွဲ
- M.Y Associates Co.,Ltd ၏ SKF Product Training
၉း၂၀ နိုင်ငံဝင်ငွေတိုးစေဖို့ R_2E_2 သရက်စိုက်ကြစို့
၉း၄၀ Movie Talk (ဇာတ်သဘင်မှ ရုပ်ရှင်သို့ ကူးပြောင်းလာသည့်မင်းသမီးများ) (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀း၄၅ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်) [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
၁၁း၀၀ စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ် အလှဆင်စေချင်
၁၁း၁၀ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာ ဘုရားစေတီ
၁၁း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၅၀ VJ Choice
၁၂း၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
၁၂း၂၀ စိတ်၏စွမ်းအား Aikido အားကစား
၁၂း၄၀ ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
၁း၀၀ "ရက်တိုတို မဂ်ဖိုလ်ဝင်မည့် ဉာဏ်လမ်း"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (ဂျေညီညီနှင့်တွေ့ဆုံခြင်း)
၃း၂၀ မြို့ကျောက်ဆည်၏အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၄)**
၄း၀၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄း၃၀ ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲ ဇာဖက်ရှင်)
၅း၀၀ Activities in The City
- စိန်ရတုမဟာနာယက ကျောင်းဆောင်သစ်လှူပြောင်းပေးအပ်ပွဲ
- M.Y Associates Co.,Ltd ၏ SKF Product Training
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ VJ Choice
၆း၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့်ပတ်သက်သော ရောဂါများအကြောင်း)
၇း၂၀ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာ ဘုရားစေတီ
၇း၃၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ World of Knowledge (Ancient Mega Structures; Angkor Wat)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၄)**
၁၀း၀၀ မဲခေါင်မြစ်ဝှမ်းဒေသ လူကုန်ကူးခံရခြင်းနှင့်ပတ်သက်သော ဖြစ်ရပ်မှန်များ (MTV Exit)
၁၀း၂၅ Sports World
၁၀း၅၀ ခေတ်အဆက်ဆက်ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြပွဲ
၁၁း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (ဂျေညီညီနှင့်တွေ့ဆုံခြင်း)
၁၁း၃၀ ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲ ဇာဖက်ရှင်)
၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့ဩဘာအကျိုးဆောင် တောင်သူကြီးများဂုဏ်ပြုပွဲ)
၁၂း၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့်ပတ်သက်သော ရောဂါများအကြောင်း)
၁၂း၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ကုံကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အထိမ်းအမှတ် ကုံကော်ပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ စိန်တလုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ရုံးပတ်ဝန်းကျင်၌ ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဖြစ်ထွန်းအောင်မြင်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ၌ သရက်၊ ဝါး၊ ကျွန်း၊ ခရေ၊ ကုက္ကို၊ စိန်ပန်း၊ ပိတောက်၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ မဲဇလီ၊ မဟော်ဂနီ၊ ရေတမာ၊ ယင်းမာ၊ ယူကလစ်နှင့် သစ်ဆိမ့်ပင် စုစုပေါင်း ၅၂၈၁ ပင်ကို စိုက်ပျိုးပေးခဲ့ပြီး ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း သစ်ပင်စိုက်ပျိုးပွဲ (၆)ကြိမ် ကျင်းပခဲ့ရာ စိန်တလုံးသရက်ပင် ၄၇၃၁ ပင်၊ နှစ်ရှည်ပင် ၃၀၀၈၅ ပင်နှင့် သီးပင်စားပင် ၁၁၄၈ ပင် စုစုပေါင်း ၁၉၇၅၆ ပင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးခရိုင်မှ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် အမှတ်(၂)အခြေခံပညာ ညွှန်ကြားရေးမှူးချုပ် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇူလိုင် ၁ ရက်တွင် မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မန္တလေးခရိုင် ခုနစ်မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအားတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ်အား သင်ကြားရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အခြေခံပညာကဏ္ဍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အလိုက် ပြည့်ပြည့်ဝဝ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်စေရန် လုပ်ဆောင်ရမည့် နည်းလမ်းများ၊ လိုအပ်ချက်များကို လည်းကောင်း၊ စာသင်ကျောင်း တစ်ကျောင်းချင်းအလိုက် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ကျောင်းအဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းရေး၊ သင်ကြားမှုအထောက်အကူပြုလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရေးကို လည်းကောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မန္တလေးခရိုင် ခုနစ်မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ခြေစမ်းပွဲအကြို စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ဇူလိုင် ၂ ရက်နှင့် ၄ ရက်တို့တွင် နိုင်ငံတကာခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည့် မြန်မာ့လက်ရွေးစင်အသင်း၊ မြန်မာယူ-၂၃ အသင်းနှင့် စင်ကာပူလူငယ်အသင်းများနှင့် မီဒီယာတွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များ၊ အသင်းသုံးသင်းမှ နည်းပြများ၊ စာနယ်ဇင်း မီဒီယာများ တက်ရောက်ကြသည်။ (အောက်ပုံ)

ချစ်ကြည်ရေးခြေစမ်းပွဲ လာရောက်ကစားမည့် စင်ကာပူလူငယ်အသင်း၌ (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းကို အနိုင်ကစားခဲ့သည့်အသင်းမှ ၁၅ ဦး ပြန်လည် ပါဝင်လာပြီး S-league တွင် ပါဝင်ကစားနေသော ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၁၆) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့်အသင်းလည်း ဖြစ်သည်။ စင်ကာပူလူငယ်နည်းပြ မွန်သရီက "မြန်မာအသင်းမှာ တောင့်တင်းသည့်အသင်းတစ်သင်းဖြစ်ပြီး ကစားသမားကောင်းများစွာ ရှိပါကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ကံတရားဖေးမမှုကို မရ၍ မိမိတို့ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုခြေစမ်းပွဲမှာ မိမိတို့အတွက် များစွာအကျိုးရှိပြီး ခြေစမ်းပွဲဖြစ်မြောက်အောင် စီစဉ်ပေးခဲ့သည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကိုလည်း ကျေးဇူးတင်ပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။ ခြေစမ်းပွဲများကစားရန် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာယူ-၂၃ အသင်းတို့မှာ ဇွန် ၁၉ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ဇွန် ၂၈ ရက်တွင် နှစ်သင်း ခြေစမ်းပွဲကစားကာ အပြီးသတ်ကစားသမားများကို ရွေးချယ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုး- ညီညီလွင်(ဇေယျာရွှေမြေ)၊ ကျော်ဇင်ထက်(ကမ္ဘောဇ)၊ နောက်တန်း- ခင်မောင်ထွန်း(ရတနာပုံ)၊ ငွေအောင်(ရန်ကုန်ယူနိုက်တက်)၊ ဇော်လင်းထွန်း-၂ (ဇေယျာရွှေမြေ)၊ မင်းသူ (ဇေယျာရွှေမြေ)၊ ဝင်းမင်းထွဋ်(ကမ္ဘောဇ)၊ ကျော်ခိုင်ဝင်း(ရတနာပုံ)၊ နီမောင်မောင်အောင်(ဥဿာယူနိုက်တက်)၊ မင်းကိုကို(ဇေယျာရွှေမြေ)၊ အလယ်တန်း- မျိုးမင်းထွန်း(ရန်ကုန်ယူနိုက်တက်)၊ လွင်ဦး(မကွေး)၊ အောင်ကျော်မိုး(ရတနာပုံ)၊ နိုင်ဦးလွင် (ရန်ကုန်ယူနိုက်တက်)၊ ခင်မောင်လွင်(ကမ္ဘောဇ)၊ ဇော်ထက်အောင်(ရန်ကုန်ယူနိုက်တက်)၊ သက်နိုင်(ရတနာပုံ)၊ ဟိန်းဇာအောင်(မကွေး)၊ ရှေ့တန်း- ရန်ပိုင် (ရတနာပုံ)နှင့် ကျော်သူရ (ရန်ကုန်ယူနိုက်တက်) တို့ ပါဝင်ကြသည်။

မြန်မာယူ-၂၃ အသင်းတွင် ဂိုး-သီဟစည်သူ (Delta United)၊ ဇာနည်မင်း (Southern)၊ နောက်တန်း-ရန်အောင်ဝင်း(ရန်ကုန်ယူနိုက်တက်)၊ အေးဆန်း(ကမ္ဘောဇ)၊ မင်းမင်းသူ(Delta United)၊ ရွှေလှိုင်ဝင်း (ရန်ကုန်ယူနိုက်တက်)၊ ကျော်ကျော်မျိုး(မကွေး)၊ ဆန်းမင်း(ဥဿာယူနိုက်တက်)၊ ထွန်းလင်းအောင်(Delta United)၊ နိုင်လင်းထွန်း(မကွေး)၊ မိုးဝင်း(ကမ္ဘောဇ)၊ အလယ်တန်း- လှအေးထွေး(Delta United)၊ တင်ဝင်းအောင်(ရန်ကုန်ယူနိုက်တက်)၊ အောင်မြင့်အေး(မကွေး)၊ ကျော်ဇေယျာဝင်း (Delta United)၊ ရန်အောင်ကျော်(ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးဦး(မကွေး)၊ ရဲဝေယံစိုး(ဇေယျာရွှေမြေ)၊ သိန်းသန်းဝင်း(မကွေး)၊ ရှေ့တန်း- ရာဇာဝင်းသိန်း(ဇေယျာရွှေမြေ)၊ စိုးမင်းဦး(ကမ္ဘောဇ)၊ မိုင်းအိုက်နိုင် (ဥဿာယူနိုက်တက်)နှင့် ကျော်ကိုကို (ဇေယျာရွှေမြေ)တို့ ပါဝင်ကြသည်။

ဇူလိုင် ၂ ရက်တွင် မြန်မာယူ-၂၃ အသင်းနှင့် စင်ကာပူအိုလံပစ်အသင်း၊ ဇူလိုင် ၄ ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူအိုလံပစ်အသင်းတို့ ကစားကြမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်ထောင်၊ ရိုးရိုးတန်းကျပ် ငါးရာ သတ်မှတ်ထားပြီး ညနေ ၃ နာရီခွဲတွင် စတင်မည်ဖြစ်သည်။

ဇူလိုင် ၄ ရက်တွင် ကျင်းပမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူအိုလံပစ်အသင်းတို့၏ ခြေစမ်းပွဲ ကြိုတင်လက်မှတ်များကို သုဝဏ္ဏကွင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့တွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ရက်တိုယာဉ်မောင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ဇလွန် ဇူလိုင် ၁

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ဟင်္သာတ)မှ မော်တော်ဆိုင်ကယ်မောင်း ရက်တိုယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၁) ဖွင့်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက်က ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၂၆၉ ဦး တက်ရောက်ကြသည်။

ဟောပြောပို့ချ

သင်တန်းကို ဇွန် ၁၁ ရက်က ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း **(အပေါ်ပုံ)** နှင့် ဟင်္သာတခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် ဦးထွန်းအောင်ချို့တို့က ရုပ်ပုံကားချပ်များနှင့်တကွ ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ (ခရိုင်ကညန)

အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများ ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁

အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဝင်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် စာတမ်းရှင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြကာ **(အပေါ်ပုံ)** ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာတမ်းများဖတ်ကြား

ယင်းနောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က အမှာစကားပြောကြားကြပြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးငွေးဆင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကျော်ရီ၊ UNDP မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာမင်းထွဋ်ရင်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမောင်စိန်၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့် သစ်တောဦးစီးဌာန စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ဦးစီးအရာရှိ ဒေါက်တာမြတ်စုမွန်တို့က အင်းလေးကန် ရေရှည်တည်တံ့ရေးဆိုင်ရာ စာတမ်းခြောက်စောင်ကို ဖတ်ကြားတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာဝပတိအဖြစ် သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးက ဆောင်ရွက်ပြီး အင်းလေးကန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ ငါးလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်၊ တောင်ကြီး တက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာအေးအေးဝင်းကြည်၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးလွင်၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမြင့်၊ လုပ်ငန်းခွင် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွဋ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ ပါမောက္ခ ဒေါ်ဖြူဖြူအိတို့က အင်းလေးကန် ရေရှည်တည်တံ့ရေးဆိုင်ရာ စာတမ်းခုနစ်စောင်ကို ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

အဖွဲ့လိုက်ဆွေးနွေး

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် လုပ်ငန်းအဖွဲ့ လေးဖွဲ့ခွဲ၍ အဖွဲ့လိုက် ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကြိုဆို ဝါးခယ်မ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ဝါးခယ်မ ဇူလိုင် ၁

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက် နံနက် ၇ နာရီတွင် ဝါးခယ်မမြို့နယ် မြို့ရှောင်လမ်းဘေး ဝဲ၊ယာတို့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထက၊ အလကများမှ ဆရာ၊ ဆရာမများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၂၀ ကျော် တက်ရောက်ကြသည်။

ယင်းမြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် သတ်မှတ်ထားသော နေရာများတွင် စတင်စိုက်ပျိုးကြရာ ရတနာတန်းဝင် ကျွန်းပင်များကို မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူတို့က စတင်စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ စိန်ပန်း၊ ယူကလစ်၊ အော်ရီရှား၊ ပျဉ်းကတိုး၊ ကျွန်း စသည့် ပျိုးပင်ပေါင်း ၉၀၀ အား မြန်မာအမျိုးသမီးမျာနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်သူ အသီးသီးက စိုက်ပျိုးပေးကြသည်။ **(ဝဲပုံ)**

(မြို့နယ်သစ်တောဦးစီးဌာန)

မြန်မာအမျိုးသမီးများနေ့
၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်
MYANMAR WOMEN'S DAY
3rd July 2010

မြန်မာပြည်ဖွားသမီးများ

✡ ဒို့မြန်မာအမျိုးသမီးများ
ရိုးသားတဲ့ဂုဏ်အင်
လေးစားဖွယ်ပင်။
စိတ်ထားမြတ်ဖွေးဖြူစင်
ယဉ်ကျေးတဲ့စကား။
ကေသာမှာတစ်ပွင့်ပန်းနဲ့
ဆန်းတင့်ဝင့်ကြွား။

✡ ဒို့မြန်မာအမျိုးသမီးများ
နိုးကြားတဲ့ဇာတိမာန်
ထက်မြက်ရှင်သန်။
ကျွန်ပြုတဲ့နယ်ချဲ့ရန်
တွန်းလှန်ကာဖယ်ရှား။
ဒို့နိုင်ငံလွတ်လပ်ရေးတွက်
သက်ပေးခဲ့တကား။

✡ ဒို့မြန်မာအမျိုးသမီးများ
ဘိုးဘွားတို့ရှေးထုံးစံ။
မြန်မာ့မှုပျက်မယိမ်းဖို့
ထိန်းသိမ်းကြပြန်။
သွေးနှောမှုလက်မခံ
အနောက်ဟန်ဖယ်ရှား။
ဇာတိဂုဏ်မျိုးမပျောက်အောင်
စောင့်ရှောက်ကြတကား။ ။

မောင်ထည်ဝါ(ပျော်ဘွယ်)

ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဇွန် ၁၆ ရက်က ဝေါမြို့ မြို့မဈေး ဈေးတာဝန်ခံရုံး၌ ဈေးမိဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ခံ၊ ဈေးညစောင့်များအား တွေ့ဆုံ၍ ဈေးမီးဘေးလုံခြုံရေး ပညာပေး ရှင်းလင်းဆွေးနွေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နတ်ဖက်တဲ့စုံတွဲများ ဇာတ်ကားဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၁

ယခုသောကြာပတ် ဇူလိုင် ၂ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ပြီးခဲ့သည့် သောကြာနေ့တွင် စတင်ရုံတင်ခဲ့သည့် **နတ်ဖက်တဲ့စုံတွဲများ** မြန်မာဇာတ်ကားသစ်ပင် ဆက်လက်ပြသမည်ဖြစ်သည်။ စိန်ငွေးရုပ်ရှင် ထုတ်လုပ်ရေးမှ ပုညခင်၏ဝတ္ထုကို ကိုရွှေမိုးသက် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာကိုဇော် (အရုဏ်ဦး) ရိုက်ကူးသည့် ဤဇာတ်ကားမှာ အချစ်ဟာသဇာတ်ကား ဖြစ်သော်လည်း အိမ်ထောင်ရေးပညာပေးများပါထည့်သွင်းရိုက်ကူးထားသည့် ဇာတ်ကားဖြစ်၍ လက်ထပ်ရန် ရည်ရွယ်နေကြသည့် ချစ်သူစုံတွဲများ ကြည့်သင့်သည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ ခင်မို့မို့အေး၊ အိမ့်ကြာဖြူ၊ အင်ကြင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ကြသည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာ တို့၌ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

အခြား မြန်မာဇာတ်ကားသစ်တစ်ကား ဖြစ်သော **ဆွေတစ်ရာမောင်တစ်ကျိပ်** ဟာသဇာတ်ကားမှာမူ မြို့လယ် ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် အမေရိကန်တို့ အီရတ်အားစစ်ပွဲဆင်နွှဲခဲ့ရသည့် အဓိက အကြောင်းရင်းဖြစ်သော WMD လက်နက်များအား အီရတ်နိုင်ငံတွင် ရှာဖွေရန် တာဝန်ပေးခြင်းခံရသည့် အမေရိကန်ကြည်းတပ်မှ ဗိုလ်ကြီးတစ်ဦးနှင့် ဝါရှင်တန်မှ အကြီးအကဲများကြား ရှုပ်ထွေးလှသည့် အကြောင်းအရာများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် GREEN ZONE စစ်ကား ရုံတင်ပြသမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် ရှေးခေတ် ဂရိနတ်ဘုရားများ၏ အချင်းချင်း စစ်မက်ဖက်ပြိုင်ကြပုံကို စိတ်ဝင်စားဖွယ် ရိုက်ကူးပြသထားသည့် PERCY JACK SON & THE LIGHTNING THIEF ဇာတ်ကားပြသမည် ဖြစ်သည်။

(ကြေးမုံ)

နတ်ဖက်တဲ့စုံတွဲများ ဇာတ်ကားမှ ပြေတီဦးနှင့် စိုးမြတ်သူဇာတို့၏ သရုပ်ဆောင်ဟန်။

စင်ကာပူနိုင်ငံ Asian Games လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း။

(ဓာတ်ပုံ-အဖွဲ့ချုပ်)

စင်ကာပူအသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း၊ U- 23 လက်ရွေးစင်အသင်းတို့ ခြေစမ်းကစားကြမည်

နေပြည်တော် ဇူလိုင် ၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံးလောကအဆင့်အတန်း မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးတို့အတွက် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဘောလုံးအကယ်ဒမီကျောင်းများ ဖွင့်လှစ်ခြင်း၊ အပျော်တမ်းပြိုင်ပွဲမှ ဆုကြေးစားပြိုင်ပွဲ (MNL)အဖြစ်သို့ ပြောင်းလဲကျင်းပခဲ့ခြင်း၊ သင်တန်းများ၊ ဆွေးနွေးပွဲများ စေလွှတ်ခြင်း၊ ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားစေခြင်းဖြင့် ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး၊ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာ၌ မျက်နှာပန်းလှရေးတို့အတွက် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် လက်ရှိကျင်းပလျက်ရှိသော MNL ပြိုင်ပွဲများမှ အလားအလာရှိသော ဘောလုံးသမားများအား မြန်မာ့လက်ရွေးစင်အသင်းနှင့် U-23 လက်ရွေးစင်အသင်းများအဖြစ်ဖွဲ့စည်းပြီး စင်ကာပူနိုင်ငံ Asian Games အသင်းနှင့် ခြေစမ်းကစားကြမည်ဖြစ်သည်။ စင်ကာပူနိုင်ငံ Asian Games လက်ရွေးစင်အသင်းသည် ဇွန် ၃၀ ရက်တွင် ရောက်ရှိလာခဲ့ပြီး ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲကို ဇွန် ၁ ရက်တွင် Traders Hotel ၌ ကျင်းပခဲ့ရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

MNL ပြိုင်ပွဲများမှ ရွေးချယ်ဖွဲ့စည်းထားသော မြန်မာ့လက်ရွေးစင်အသင်းနှင့် U-23 အသင်းတို့မှာ Goal Hotel ၌ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး U-23 လက်ရွေးစင်အသင်းနှင့် စင်ကာပူ Asian Games လက်ရွေးစင်အသင်းတို့ ဇူလိုင် ၂ရက်တွင်လည်းကောင်း၊ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဇူလိုင် ၄ရက်တွင်လည်းကောင်း သုဝဏ္ဏအားကစားပြိုင်ကွင်း၌ ခြေစမ်းကစားကြမည်ဖြစ်ရာ မြန်မာဘောလုံးအသင်းများ၏ ပကတိတိုးတက်မှုအနေအထားကို လေ့လာနိုင်မည်ဖြစ်သဖြင့် ပွဲကြီးပွဲကောင်းပြိုင်ပွဲကြီးဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးလိုက်ရပါသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ် ဦးတင်ဟန် (မကွေး)၊ လက်ထောက် နည်းပြ-ဦးကြည်လွင် (မကွေး)၊ ဦးဆန်းဝင်း (ဒယ်လ်တာ)၊ ဂိုးနည်းပြ-ဦးမျိုးချစ် (ဇေယျာရွှေမြေ)၊ ကစားသမားများမှာ-(ဂိုး) ညီညီလွင် (ဇေယျာရွှေမြေ)၊ ကျော်ဇင်ထက် (ကမ္ဘောဇ)၊ မင်းသူ၊ ဇော်လင်းထွန်း-၂ (ဇေယျာရွှေမြေ)၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုး (ရတနာပုံ)၊ နီမောင်၊ မောင်မောင်(ဥဿာ) လွင်ဦး (မကွေး)၊ ရန်ပိုင် (ရတနာပုံ)၊ ကျော်သူရ၊ မျိုးမင်းထွန်း၊ နိုင်ဦးလွင်၊ ငွေးအောင်၊ ဇော်ထက်အောင် (ရန်ကုန်ယူနိုက်တက်)၊ ကျော်ခိုင်ဝင်း (ရတနာပုံ)၊ မင်းကိုကို (ဇေယျာရွှေမြေ)၊ သက်နိုင် (ရတနာပုံ)၊ ဝင်းမင်းထွဋ်၊ ခင်မောင်လွင် (ကမ္ဘောဇ)၊ ဟိန်းဇာအောင်(မကွေး) တို့ ဖြစ်သည်။

စင်ကာပူနိုင်ငံ Asian Games လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် U-23 လက်ရွေးစင်အသင်း။

(ဓာတ်ပုံ-အဖွဲ့ချုပ်)

မြန်မာU-23 လက်ရွေးစင်အသင်းတွင် နည်းပြချုပ် ဦးတင်မြင့်အောင် (ဒယ်လ်တာ)၊ လ/ထ နည်းပြ(၁) ဦးစိုးမိုး (ဇေယျာရွှေမြေ)၊ လ/ထ နည်းပြ(၂) ဦးဇော်ဝင်းထွန်း (မကွေး)၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကစားသမားများမှာ ဂိုး- သီဟစည်သူ (ဒယ်လ်တာ)၊ ဇာနည်မင်း(Southern)၊ နောက်တန်း-ကျော်ကျော်မျိုး(မကွေး)၊ ရန်အောင်ဝင်း (ရန်ကုန်)၊ ဆန်းမင်း (ဥဿာ)၊ အေးဆန်း(ကမ္ဘောဇ)၊ မိုးဝင်း (ကမ္ဘောဇ)၊ ရွှေလှိုင်ဝင်း(ရန်ကုန်)၊ ထွန်းလင်းအောင်(ဒယ်လ်တာ)၊ နိုင်လင်းထွန်း(မကွေး)၊ မင်းမင်းသူ(ဒယ်လ်တာ)၊ အလယ်တန်း-လှအေးထွေး(ဒယ်လ်တာ)၊ တင်ဝင်းအောင်(ရန်ကုန်)၊ ရန်အောင်ကျော်(ရန်ကုန်)၊ ကျော်ဇေယျာဝင်း (ဒယ်လ်တာ)၊ ပြည့်ဖြိုးဦး(မကွေး)၊ သိန်းသန်းဝင်း(မကွေး)၊ ရဲဝေယံစိုး (ဇေယျာရွှေမြေ)၊ အောင်မြင့်အေး (မကွေး)၊ ရှေ့တန်း-ကျော်ကိုကို (ဇေယျာရွှေမြေ)၊ မိုင်းအိုက်နိုင် (ဥဿာ)၊ ရာဇာဝင်းသိန်း (ဇေယျာရွှေမြေ)၊ စိုးမင်းဦး (ကမ္ဘောဇ)တို့ဖြစ်သည်။

သတင်းမှတ်စု -
ဇော်မင်းအောင် (၁၀၇)

ကျေးလက် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းများ ကယားပြည်နယ် ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁

ကယားပြည်နယ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်သည် ဇွန် ၂၂ ရက်တွင် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ပန်ကန်းကျေးရွာနှင့် နမ့်ဘော်ဝမ်ကျေးရွာ ဆက်သွယ်သည့် အလျားပေ ၃၄၀၀၊ အနံ ၁၂ ပေရှိ ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပစ္စည်းစုဆောင်းထားရှိမှုကို လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် အလျားပေ ၃၀၀၀၊ အနံ ၁၀ ပေရှိ ဆန်းဘွန်းကျေးရွာနှင့် လွိုင်ကော်မြို့သို့ ဆက်သွယ်သော ကျေးလက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအတွက် ပစ္စည်းစုဆောင်းထားရှိမှုကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစဉ်အလာကြီးမားသည့်ဘရာဇီးကို နယ်သာလန် ဟန့်တားနိုင်မည်လား ဥရုဂွေးနှင့် ဂါနာတို့ ဆီမီးရောက်ရေး ခြေကုန်ထုတ်လာမည်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များအဖြစ် နယ်သာလန်နဲ့ ဘရာဇီး၊ ဥရုဂွေးနဲ့ ဂါနာတို့ယှဉ်ပြိုင်ကြမှာ ဖြစ်တာကြောင့် အစဉ်အလာကြီးမားခဲ့တဲ့ ဘရာဇီးကို နယ်သာလန်တို့ ဟန့်တားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို ဥရုဂွေးနဲ့ ဂါနာ ဘယ်အသင်း ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင် မလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ။

နယ်သာလန်-ဘရာဇီး
၂-၇-၂၀၁၀(သောကြာနေ့)
ည ၈း၃၀ နာရီ

အုပ်စု(E)က အုပ်စုပိုလ်နဲ့ တက်လာခဲ့တဲ့ နယ်သာလန်ဟာ ၁၆သင်းရှုံးထွက်အဆင့်မှာ ဆလိုဗက်ကီးယားကို ရော်ဘင်၊ ရှနိုက်ဒါတို့ရဲ့ သွင်းဂိုးတွေနဲ့အတူ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ယခုကွာတားဖိုင်နယ်ကို တက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဘရာဇီးကတော့ အုပ်စု(G)မှာ အုပ်စုပိုလ်ရခဲ့ပြီး ၁၆သင်းရှုံးထွက်အဆင့်မှာ ချီလီကို ဂျူအန်၊ ဖေဘီယာနို၊ ရော်ဘင်ဟိုတို့ရဲ့ သွင်းဂိုးတွေနဲ့ သုံးဂိုးပြတ်နိုင်ပြီး တက်လာခဲ့တာပါ။ ပြိုင်ပွဲစကတည်းက ဗန်မားဝစ်ရဲ့ နယ်သာလန်ဟာ ပုံမှန်ခြေစွမ်းပြလာခဲ့ပြီး အသင်းရှိကစားသမားတွေဖြစ်တဲ့ ရှနိုက်ဒါ၊ ဗန်ပါစီ၊ ရော်ဘင်၊ ဒရက်ကောက်၊ ဘွန်မဲလ်နဲ့ ဒီဂျုန်းတို့ အကောင်းဆုံးခြေစွမ်းတွေကို ပိုင်ဆိုင်ထားကြပါတယ်။ နည်းပြဒွန်ဂါကိုင်တွယ်နေတဲ့ ဘရာဇီးကတော့ ပြိုင်ပွဲအစမှာ ခြေစွမ်းမကောင်းခဲ့ပေမယ့် တစ်ပွဲထက်တစ်ပွဲပိုမိုခြေစွမ်းပြလာတာကို တွေ့ရပါတယ်။ ဘရာဇီးမှာ ကာကာ၊ ရော်ဘင်ဟို၊ မိုင်ကွန်နဲ့ ဖေဘီယာနိုတို့ ထိုးဖောက်မှုအားကောင်းနေကြပါတယ်။ ဒီနှစ်သင်းမှာ နယ်သာလန်ဟာ ကွင်းလယ်က ရှနိုက်ဒါရဲ့ မောင်းနှင်အားနဲ့အတူ အသင်းလိုက်စုဖွဲ့ပြီး ကစားကွက်တည်ကာ တစ်ဖက်နောက်တန်းကို ထိုးဖောက်ကစားတတ်သလို ဂိုးစည်းအပြင်ကနေ အမှတ်မထင်လှမ်းကန်တတ်တဲ့ ညာတောင်ပံကစားသမား ရော်ဘင်ရဲ့ ကန်ချက်တွေကလည်း ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းရှိနေပါတယ်။ ဒါပေမယ့် မြန်နှုန်းမြင့်နဲ့ တစ်ရှိန်ထိုး ထိုးဖောက်တိုက်စစ်ဆင်တတ်တဲ့ ဘရာဇီးရဲ့ ကစားဟန်ကိုတော့ နယ်သာလန်နောက်ခံလူတွေဖြစ်တဲ့ ဟိုင်တင်ဂါ၊ ဗန်ဒါဗီလ်နဲ့ ဘရွန်ခရော့စ်တို့လူစုသတိထားထိန်းချုပ်ရမှာပါ။ စာရွက်ပေါ်က ကစားသမားအင်အားကို ကြည့်ရင် နယ်သာလန်က သာတာမှန်ပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်မှာ အစဉ်အလာ ကြီးမားပြီး အအောင်မြင်ဆုံးဖြစ်တဲ့ ဘရာဇီးကို နယ်သာလန်တို့ ဟန့်တားနိုင်စွမ်း ရှိမရှိ ကိုတော့ ရင်ခုန်စွာ စောင့်ကြည့်ကြရဦးမှာပါ။

နယ်သာလန်နောက်တန်းကို အလုပ်ရှုပ်စေဦးမည့် ဘရာဇီး နောက်ချန် တိုက်စစ်မှူး ရော်ဘင်ဟို။

အဝေးကန်ချက် များဖြင့် ပွဲအခြေကို ပြောင်းလဲနိုင်စွမ်းရှိသည့် နယ်သာလန် တောင်ပံကစားသမား ရော်ဘင်။

ဥရုဂွေး-ဂါနာ
၃-၇-၂၀၁၀ (စနေနေ့)
နံနက် ၁ နာရီ

အုပ်စု(A)က အုပ်စုပိုလ်နဲ့ တက်လာတဲ့ ဥရုဂွေးဟာ ၁၆ သင်း ရှုံးထွက်အဆင့်မှာ တောင်ကိုရီးယားကို ဆူရာရက်ဇ်ရဲ့ သွင်းဂိုး နှစ်ဂိုးနဲ့အတူ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ကာ ဂါနာကတော့ အုပ်စု(D)မှ ဒုတိယနဲ့ တက်လာပြီး ၁၆ သင်း ရှုံးထွက်အဆင့်မှာ အမေရိကန်ကို ဘိုတန်၊ ဘိုကာနီဂရာတို့ရဲ့ သွင်းဂိုးတွေနဲ့အတူ နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ယခုအဆင့်ကို တက်လာနိုင်ခဲ့တာပါ။

ဂါနာမှာ ကမ္ဘာ့အဆင့်အတန်းမီကစားသမားတွေမရှိပေမယ့် ဥရုဂွေးမှာတော့ ဒီယေဂိုဖော်လန်၊ ဆူရာရက်ဇ်၊ ပီရီယာနဲ့ လူဂါနိုတို့လို ကစားသမားကောင်းတွေ ရှိနေပါသေးတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်းက ကွာဟမှု ကြီးကြီးမားမားမရှိတာ မှန်ပေမယ့် ပညာ၊ သမ္မာသာပြီး အသင်းလိုက်စုဖွဲ့မှု အားကောင်းသလို ဒီယေဂိုဖော်လန်နဲ့ ဆူရာရက်ဇ်တို့လို တိုက်စစ်မှူးကောင်းတွေရှိနေတဲ့ ဥရုဂွေးသာ ဆီမီးဖိုင်နယ်တက်နိုင်ဖို့ အခွင့်အရေး ပိုများနေတယ်လို့ ဆိုချင်ပါတယ်။

ဝင်းတင် (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တစ်ကမ္ဘာလုံး ပါဝင်ဆင်နွဲ ရှန်ဟိုင်းကုန်စည်ပြပွဲ(၅)

နိုင်ငံများအလိုက် ကျင်းပသော ပြပွဲအထိမ်းအမှတ်အခမ်းအနားများ၊ ယဉ်ကျေးမှုကပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များသည် ၁၈၄ ရက်ကြာ ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲကို ကြီးကျယ်ခမ်းနားသော နိုင်ငံတကာ ပွဲတော်တစ်ရပ်အဖြစ်သို့ ပုံဖော်ပေးနေလေ၏။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်း

မြန်မာသတင်းအဖွဲ့

အဆင်အပြင် - နိုင်လင်းကြည်

ပေါင်း ၁၆၀ ကျော်တို့က "အမျိုးသားပြခန်းဆောင်နေ့" (National Pavilion Day) ကျင်းပရန် အဆိုပြုထားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြခန်း၏ "မြန်မာနေ့"အခမ်းအနားကို ဇွန်၁ရက်က ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ဗဟိုအဆောက်အအုံတွင် ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့❖**

ဇွန် ၁ ရက်က "မြန်မာနေ့" အထိမ်းအမှတ် အခမ်းအနားကို ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ဗဟို အဆောက်အအုံတွင် ကျင်းပစဉ်။

ကကြိုးကကွက်များ

တရုတ်နိုင်ငံ ကျန်းစုပြည်နယ်မှ အကပညာရှင်များ၏ ကကြိုးကကွက်များ။

ရောဝတီတိုင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဇူလိုင် ၁

ရောဝတီတိုင်းတွင် ဇွန် ၃၀ ရက်အထိ မိုးစပါး ၁၀၀၆၃၉၄ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)